ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက် စနေနေ့။ Saturday, 25 April 2026 ၁၂၁၅၉

**ဘယ်အခါမှ အကျိုးမဆုတ်ယုတ်**

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေဩမြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)

# မြန်မာအမျိုးသားလေကြောင်းက လမ်းပန်းဆက်သွယ်မှု ခက်ခဲသည့် မြို့များသို့ လေယာဉ်ခရီးစဉ်များ စတင်ပျံသန်းပြေးဆွဲ

နေပြည်တော် ဧပြီ ၂၄

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းအနေဖြင့် လမ်းပန်းဆက်သွယ်မှုခက်ခဲသည့်မြို့များသို့ ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် L-410 လေယာဉ်ငယ်များဖြင့် ရန်ကုန်မြို့မှ ရခိုင်ပြည်နယ်အတွင်းရှိ မာန်အောင်မြို့နှင့် ကျောက်ဖြူမြို့တို့သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်လေဆိပ်ကို အခြေပြု၍ ထားဝယ်မြို့၊ ဘုတ်ပြင်းမြို့နှင့် ကော့သောင်းမြို့တို့သို့လည်းကောင်း ယနေ့နံနက်ပိုင်းမှ စတင်ပျံသန်းပြေးဆွဲလျက်ရှိသည်။

လေယာဉ်ခရီးစဉ် ပျံသန်းမှုများအနေဖြင့် ရန်ကုန်-မာန်အောင်-ကျောက်ဖြူ-ရန်ကုန် ခရီးစဉ်အား ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာပြီး နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ အလားတူ မြိတ်-ဘုတ်ပြင်း-ကော့သောင်း-ဘုတ်ပြင်း-မြိတ် ခရီးစဉ်အား ယနေ့နံနက် ၈ နာရီတွင် မြိတ်မြို့မှ စတင်ထွက်ခွာခဲ့ပြီး နံနက် ၁၀ နာရီခွဲတွင် မြိတ်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်



မြိတ်-ဘုတ်ပြင်း-ကော့သောင်း-ဘုတ်ပြင်း-မြိတ် ခရီးစဉ်အား ပျံသန်းပြေးဆွဲသည့် လေယာဉ်ငယ်ကို တွေ့ရစဉ်။



## ငဖဲမြို့တွင် ကိုရီးယားဂျူး၊ အိုဆာမရမ်းနှင့် ကြယ်တာယာ ဂန္ဓမာပန်းမျိုးများ အောင်မြင်ဖြစ်ထွန်း

ငဖဲ ဧပြီ ၂၄

မကွေးတိုင်းဒေသကြီး ငဖဲမြို့တွင် မြေအောက်ရေကို အသုံးပြု၍ ဂန္ဓမာပန်းများစိုက်ပျိုးထားရာ ပန်းခင်းများ အောင်မြင်ဖြစ်ထွန်းပြီး နေ့စဉ်ရောင်းချနေရကြောင်း ပန်းစိုက်တောင်သူထံမှ သိရသည်။

စိုက်ပျိုးထားသည့်ပန်းမျိုးများမှာ ကိုရီးယားဂျူး၊ အိုဆာမရမ်းနှင့် ကြယ်တာယာ ဂန္ဓမာပန်းမျိုးဖြစ်ပြီး ပျိုးပင်ပေါက်များကို ပြင်ဦးလွင်မြို့မှ ဝယ်ယူကြောင်း၊ ပန်းစိုက်ပျိုးမည့် မြေနေရာအား ထယ်နှစ်စပ်ထိုး၍ စိုက်ပေါင်များပြုလုပ်ကာ သဘာဝနွားချေးဆွေးများကို ထည့်သွင်းပြီး ပျိုးပင်များကို တန်းကြား ၂၄ လက်မ၊ ပင်ကြား ၁၂ လက်မထား၍ နေ့စဉ်ရေသွင်းပေးရသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ✪

## ယနေ့ ဖတ်စရာ

အိုဘယ့် မိခင် ရောဝတီ (၁)
ဆောင်းပါး စာမျက်နှာ » ၆

ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၆) အထိမ်းအမှတ်အခမ်းအနား ကျင်းပ
စာမျက်နှာ » ၈

အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာဓာတ်ခွဲခန်း တည်ဆောက်ခြင်း စီမံကိန်း(ပထမအဆင့်) စီမံကိန်းဖွင့်ပွဲကျင်းပ
စာမျက်နှာ » ၉

နိုင်ငံ့အားကို တည်ဆောက်မည့် ပညာရေး
ဆောင်းပါး
စာမျက်နှာ » ၁၅



ကြေးမုံ

# နိုင်ငံအနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကဏ္ဍရင်းနှီးမြှုပ်နှံမှုမြှင့်တင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို မေ ၂၀ ရက်နေ့က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က "လာမည့်ဘဏ္ဍာနှစ်တွင် ပညာရေးကဏ္ဍအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၀ ရာခိုင်နှုန်းထက်မနည်း တိုးမြှင့်အသုံးပြုသွားမည်ဖြစ်ပြီး လာမည့်တစ်နှစ်ကျော်တွင် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်အသုံးပြုသွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်သည့် ငါးနှစ်တာကာလအတွင်း ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရရှိသည့် အချက်အလက်များအရ မြန်မာနိုင်ငံ၏ ပညာရေးတွင် အားနည်းချက်များရှိခဲ့သည်ကိုတွေ့နိုင်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ပညာအဆင့်အတန်းမြင့်မားမှု/နိမ့်ကျမှုအခြေအနေတို့နှင့် ခန့်မှန်းကြည့်နိုင်သဖြင့် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ မြင့်မားတိုးတက်လာစေရန်အတွက် အစွမ်းကုန်မြှင့်တင်ပေးရမည်ဖြစ်သည်။ သာဓကအားဖြင့် ပညာရေးတွင် အမြောက်အမြားရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံများ၌ ပညာအဆင့်အတန်းမြင့်မားနေသည်။ ပညာအဆင့်အတန်း မြင့်မားသည့် နိုင်ငံတွင် ကဏ္ဍတိုင်း၌ တီထွင်ကြံဆမှုနှင့် ချင့်ချိန်သုံးသပ်ဆောင်ရွက်နိုင်မှုမြင့်မားခြင်းကြောင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကို ပိုင်ဆိုင်ထားသည်။

ပညာရေးအားနည်းချက်ကြောင့် အသိပညာများအားနည်းပြီး အဘက်ဘက်တွင် လိုအပ်ချက်များရှိလာသည်ကို တွေ့နိုင်သည်။ ပညာရေးအားနည်းသောကြောင့် အသိဉာဏ်ဆင်ခြင်တုံတရားအားနည်းပြီး ခေတ်အဆက်ဆက်တွင် အကောင်း၊ အဆိုးခွဲခြားနိုင်မှုအားနည်းသည့် နိုင်ငံရေးပြဿနာများနှင့် ကြုံတွေ့ခဲ့ရသည်ကို မြန်မာ့သမိုင်းကြောင်းတွင်တွေ့နိုင်သည်။ ၂၀၂၀ ရွေးကောက်ပွဲရလဒ်အပေါ် ကျေနပ်မှုမရှိဘဲ လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ ပညာရေးအားနည်းချက်ကိုအသုံးချ၍ ပြည်တွင်း၊ ပြည်ပမှ နိုင်ငံရေးသမားများက ၎င်းတို့အကျိုးအတွက် သွေးထိုးလှုံ့ဆော်၍ အသုံးချဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ပညာရေးကဏ္ဍကိုမြှင့်တင်၍ နိုင်ငံသူ နိုင်ငံသားများ၏ စိတ်နေစိတ်ထားများ မြင့်မားလာအောင်ဆောင်ရွက်ရမည်ဖြစ်သည်။

ပညာရေးအားနည်းလာသည့်အခါ အတတ်ပညာများလည်း အားနည်းလာခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများလည်းအားနည်းပြီး ကဏ္ဍအသီးသီးတွင် လိုအပ်ချက်များရှိလာသည်။ ဝင်ငွေနည်းပါးခြင်း၊ အာဟာရမပြည့်ဝခြင်း၊ လူ့သက်တမ်းနိမ့်ကျခြင်း၊ ဆင်းရဲနွမ်းပါးခြင်း စသည့်ပြဿနာများရှိလာသည်။ မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် အိမ်နီးချင်းနိုင်ငံများသာမက ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အားနည်းနေဆဲဖြစ်သည်ကို တွေ့ရသည်။ ထိုသို့ဖြစ်ရခြင်းကို ဆန်းစစ်ကြည့်ပါက အဓိကအားဖြင့် စီးပွားရေးတိုးတက်မှုအားနည်းခြင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုအားနည်းခြင်းတို့မှ စတင်ခဲ့သည်ကိုတွေ့နိုင်သည်။ ထို့ကြောင့် အစိုးရသစ်အနေဖြင့် ပညာရေးကဏ္ဍကိုမြှင့်တင်ပြီး ပြုပြင်ပြောင်းလဲရေးမျှော်မှန်းချက်ကို ချမှတ်ခဲ့သည်။

ယခင်က ပညာရေးနှင့်ပတ်သက်၍ အခြေခံပညာမူလတန်းအဆင့်အား မသင်မနေရစနစ်ဖြင့် ဆောင်ရွက်ခဲ့သော်လည်း လူတိုင်းအခြေခံပညာအဆင့်ကိုပင် တက်ရောက်သင်ကြားနိုင်မှုမရှိခဲ့ပေ။ ထို့ကြောင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် ပြီးခဲ့သည့် နိုင်ငံကိုတာဝန်ယူဆောင်ရွက်ချိန်တွင် KG+9 အထိ မသင်မနေရပညာရေးအဖြစ် ပြောင်းလဲခဲ့သည်။ ခေတ်အဆက်ဆက်တွင် စာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်ခဲ့သော်လည်း အချို့အခြေခံပညာကျောင်းများသည် သတ်မှတ်ထားသော အဆင့်အလိုက် စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရသည်။ အားကစားနှင့် လက်တွေ့ပညာရပ်ဆိုင်ရာများစသည့် ပညာရေးအထောက်အပံ့များ အားနည်းခဲ့သည်။ တစ်ချိန်သောကာလက လူနည်းစုပညာတတ်အခြေအနေမှ ယခုအခါ လူများစုပညာတတ်အခြေအနေသို့ရောက်အောင် ပညာရေးကို မြှင့်တင်အားပေးရမည်ဖြစ်သည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၆ ဒသမ ၉၂ ရာခိုင်နှုန်း၊ အခြားဝန်ကြီးဌာနများရှိ ပညာရေးကဏ္ဍများပါဝင်ပါက နိုင်ငံတော်ဘဏ္ဍာငွေမှ ၉ ဒသမ ၂၂ ရာခိုင်နှုန်းကို ပညာရေးကဏ္ဍတိုးတက်လာရေးအတွက် အသုံးပြုသွားမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဘဏ္ဍာငွေများကို ပညာရေးကဏ္ဍတွင် ပိုမိုတိုးမြှင့်ရင်းနှီးမြှုပ်နှံဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏အနာဂတ်ကို တန်ဖိုးအရှိဆုံးရင်းနှီးမြှုပ်နှံခြင်းဖြစ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးရင်းနှီးမြှုပ်နှံမှုကို အကျိုးရှိထိရောက်အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားတွင် သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲဓမ္မသဘင်နှင့် စာတမ်းဖတ်ပွဲများ ကျင်းပမည်

နေပြည်တော် မေ ၂၄

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကြီးကို ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့မှ ကဆုန်လပြည့်ကျော် ၂ ရက်အထိ (မေ ၃၀ ရက်မှ မေ ၂ ရက်အထိ) ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။

မေ ၃၀ ရက်ညပိုင်းတွင် သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲဓမ္မသဘင်ကိုလည်းကောင်း၊ မေ ၁ ရက်နှင့် ၂ ရက်တို့တွင် စာတမ်းဖတ်ပွဲများကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## (၂၄-၄-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၃ ~ ၃၆၆၈ | ၅၅၈.၁ ~ ၅၅၈.၆ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၃၁,၂၅၆,၁၃၇.၆၀ | ၁၇,၃၀၀,၇၁၃.၆၀ | ၇,၅၄၅,၄၉၄.၁၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးဝါးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ဂျုံ၊ စားသုံးကုန်စည်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ တင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၉ သန်းကိုလည်းကောင်း၊ LNG ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၃ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၂၄ - ၄ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၄ - ၄ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၃,၀၀၀ | ၁၃,၀၀၀ | ၇၈ | ၁,၀၁၄,၀၀၀ |
| MTSH | ၆,၁၀၀ | ၆,၂၀၀ | ၂,၁၀၀ | ၁၃,၀၁၉,၀၀၀ |
| MCB | ၉,၄၀၀ | ၉,၆၀၀ | ၃၀၄ | ၂,၉၈၅,၀၀၀ |
| FPB | ၄,၀၀၀ | ၄,၀၀၀ | ၂,၈၀၉ | ၁၁,၂၃၆,၀၀၀ |
| TMH | ၃,၂၀၀ | ၃,၂၀၀ | ၁၆ | ၅၁,၂၀၀ |
| EFR | ၁,၈၅၀ | ၁,၈၅၀ | ၅,၅၂၅ | ၉,၉၉၆,၂၅၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၁၁ | ၄၄,၀၀၀ |
| MAEX | ၃,၉၅၀ | ၄,၀၀၀ | ၁၁,၀၉၅ | ၄၄,၀၆၀,၂၅၀ |
| MADPL(PLB) | ၃,၄၀၀ | ၃,၄၀၀ | ၂၅၀ | ၈၅၀,၀၀၀ |
| ASPGB(PLB) | ၃၈,၅၀၀ | ၃၈,၅၀၀ | ၂၀၀ | ၇,၇၀၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဇေယျာသီရိမြို့နယ်မှ မဲဆန္ဒရှင်ပြည်သူများအား တွေ့ဆုံ



နေပြည်တော် ဧပြီ ၂၄

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် ဇေယျာသီရိမြို့နယ်မှ မဲဆန္ဒရှင် ပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် ကျည်တောင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ တွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ယခုလို ဇေယျာသီရိ မြို့နယ် မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံခွင့်ရသည့်အတွက် လွန်စွာ ကျေးဇူးတင် ဝမ်းမြောက်မိပါ ကြောင်း၊ မိမိတို့ လွှတ်တော်အနေ ဖြင့် ပြည်သူ့အသံ လွှတ်တော် အသံ၊ ပြည်သူ့ဆန္ဒလွှတ်တော် ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက် ဆိုသည့်အတိုင်း မဲဆန္ဒရှင် ပြည်သူများ၏ ဆန္ဒများကို အကောင်အထည်ဖော်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း။

ယခု တွေ့ဆုံပွဲတွင်လည်း ဒေသခံ မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒနှင့်အသံကို နားထောင်ရန် အတွက် လာရောက်ခြင်းဖြစ်ပါ ကြောင်း၊ နိုင်ငံတော်အစိုးရအနေ ဖြင့် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်ပေးသွားမည့် ကိစ္စရပ် များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စ ရပ်များနှင့်ပတ်သက်၍ အစိုးရ၊ လွှတ်တော်၊ ပါတီ၊ ပြည်သူနှင့်အတူ တစည်းတလုံးတည်း ဒေသ ကောင်းကျိုးများကို ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံ တော်၏ အမျိုးသားရေးကိစ္စများ ကိုလည်း စည်းစည်းလုံးလုံး သစ္စာရှိရှိ ဆက်လက်ဆောင်ရွက် သွားရန်နှင့် ပြည်သူလူထု ပူးပေါင်းပါဝင်သော လုံခြုံရေး စနစ်ဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေး ကြစေလိုကြောင်း ပြောကြား သည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဒေသခံ မဲဆန္ဒရှင်ပြည်သူများက သာသနာ ရေးဆိုင်ရာ ကိစ္စရပ်များ၊ လမ်းတံတားဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေးဆိုင်ရာ ကိစ္စရပ်များ၊ လယ်ယာစိုက်ပျိုးရေး ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် တင်ပြချက်များအပေါ် ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌက သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ မိမိ မဲဆန္ဒနယ်မြေအတွင်း တည်ငြိမ် အေးချမ်းစေရေးအတွက် ပြည်သူ များအနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက် ပေးကြစေလိုပါ ကြောင်း ပြန်လည်ရှင်းလင်း ပြောကြားပြီး ဒေသခံမဲဆန္ဒရှင် ပြည်သူများအား ရင်းရင်း နှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းခြင်းနှင့် အစိုးရ၏ ရက် (၁၀၀) ကာလအတွင်း ဦးစားပေးဆောင်ရွက်သွားမည့်လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး ဝန်ထမ်းများနှင့်တွေ့ဆုံပွဲကျင်းပ




နေပြည်တော် ဧပြီ ၂၄

နိုင်ငံတော်သမ္မတ၏ ပြည်ထောင်စု လွှတ်တော်တွင် ကျင်းပခဲ့သော ကတိ သစ္စာပြုပွဲ အခမ်းအနား၊ နိုင်ငံတော်အဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများအား တွေ့ဆုံမှာကြားသည့် မိန့်ခွန်း၊ မြန်မာ သက္ကရာဇ် ၁၃၈၈ ခုနှစ်၊ နှစ်သစ်ကူး နှုတ်ခွန်းဆက် မင်္ဂလာစကားနှင့် ပြည်ထောင်စု အစိုးရအဖွဲ့အစည်းအဝေး တွင် အမှာစကားပြောကြားခဲ့မှုများအရ အစိုးရ၏ ရက်(၁၀၀) ကာလအတွင်း ဦးစားပေးဆောင်ရွက်သွားမည့် လုပ်ငန်း များနှင့် ရှေ့ဆက်လက် အကောင်အထည် ဖော်မည့်လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံးများနှင့် ဒေသစာရင်း စစ်ရုံးများမှ ဝန်ထမ်းများအား ထပ်ဆင့် ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နဝရတ် ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦးက နိုင်ငံတော်သမ္မတ ၏ လမ်းညွှန်မှာကြားချက်များတွင် ပြည်ထောင်စု၏လုံခြုံရေးနှင့် တရား ဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာကိစ္စရပ် များ၊ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေ ပြဋ္ဌာန်းရေးဆိုင်ရာကိစ္စရပ်များကို ဌာနအဖွဲ့အစည်းများက အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူ များနှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများ တိုးတက်ဖြစ်ပေါ်မှုကို အလေးထား ဆောင်ရွက်ကြရမည်ဖြစ် ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများကို အခြေခံကာ ကုန်ထုတ်လုပ်မှုနှင့် ပို့ကုန်တိုးမြှင့်ရေး၊ ဒေသအလိုက် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ရမည်ဖြစ်ပြီး ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးချရေး စသည်တို့ကို အားပေးဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း ထပ်ဆင့် ရှင်းလင်းသည်။

ဆက်လက်၍ လမ်းညွှန်မှာကြားချက် များအရ ပြည်ထောင်စုစာရင်းစစ်ချုပ် ရုံးအနေဖြင့်လည်း ကျရာကဏ္ဍမှ ပါဝင် ဆောင်ရွက်ရန် တာဝန်ရှိပါကြောင်း၊ ရက် (၁၀၀) ကာလအတွင်း ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးအနေဖြင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေနှင့်အညီ စစ်ဆေး အစီရင်ခံတင်ပြခြင်း၊ လူ့စွမ်းအားအရင်း အမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ် တကျ သင်ကြားလေ့ကျင့်ပေးခြင်း၊ နိုင်ငံ တကာစံနှုန်းနှင့်အညီဖြစ်သည့် စစ်ဆေး ရေးနည်းပညာရပ်များ သိရှိအသုံးချနိုင် ရေး အတွက် နိုင်ငံတကာစာရင်းစစ်အဖွဲ့ အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း တို့ကိုဆောင်ရွက်ရန် လျာထားအစီအစဉ် များကိုအောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ငွေရေး ကြေးရေး ကဏ္ဍစုံတိုးတက်ဖြစ်ပေါ်စေရေး ဆောင်ရွက်မှုများအတွက် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အနေဖြင့်လည်း ရှေ့ကာလများတွင် ဆောင်ရွက်ရမည့် ကိစ္စရပ်များ အောင်မြင်ပြီးမြောက်မှု ရှိစေ ရေး အစီအမံများချမှတ်၍ တိုးမြှင့်ဆောင် ရွက်ရာတွင် တိုင်းဒေသကြီး/ ပြည်နယ် စာရင်းစစ်ချုပ်ရုံးများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ အစဉ်အလာကောင်းများကို ဆက်လက် ထိန်းသိမ်း၍ စစ်ဆေးရေးလုပ်ငန်းများကို နိုင်ငံတကာ စစ်ဆေးရေးစံနှုန်းများ၊ စာရင်းစစ် ကျင့်ဝတ်သိက္ခာများနှင့်အညီ ဌာနအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးစီမံ ခန့်ခွဲမှုများပိုမိုကောင်းမွန်စေရေး၊ မလို လားအပ်သော မသမာမှု၊ အလွဲသုံးစားမှု များ ကြိုတင်တားဆီးနိုင်စေရေး၊ ရှေ့ဆက် ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များတွင် ကောင်းမွန်မှန်ကန်သည့် ဆုံးဖြတ်ချက် များ ချမှတ်နိုင်ရေးတို့အတွက် စစ်ဆေး ရေး အမျိုးအစားအလိုက် အပြုသဘော ဆောင်သည့် အကြံပြုချက်များပေးနိုင်ရန် ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းတာဝန် များကို ဆက်လက်ကြိုးစားဆောင်ရွက် ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယစာရင်းစစ်ချုပ် ဒေါ်ခိုင်ခိုင်အောင်က အစိုးရ၏ရက်( ၁၀၀) ကာလအတွင်း ဆောင်ရွက်ရမည့် လုပ်ငန်း များနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်များ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ နှင့် ဝန်ထမ်းများ စုစုပေါင်း ၉၀၂ ဦး တက်ရောက်ကြကြောင်းသိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏ရက် (၁၀၀) စီမံကိန်း အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်

ပင်းတယ ဧပြီ ၂၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ပွေးပြတ်ကျေးရွာတွင် ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ



အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ နိုင်ငံတော်၏ ရက် (၁၀၀) စီမံကိန်းလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရေး ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းအတွက် အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ် သည်။

သင်တန်းဖွင့်ပွဲတွင် ဒေသအသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီး ဌာနမှ ဒေသဦးစီးမှူး ဒေါ်အေးအေးသန့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒေသအဆင့် စီမံကိန်း အဖွဲ့ဝင် များက သင်တန်းအတွက် သင်တန်းသုံး ကုန်ကြမ်းပစ္စည်းများကို ပေးအပ်ခဲ့ကြောင်းနှင့် သင်တန်းသား ၁၉ ဦး တက်ရောက်သင်ကြားမည် ဖြစ်ပြီး သင်တန်းကာလမှာ တစ်လကြာ သင်ကြားပို့ချပေးမည်ဖြစ် ကြောင်း သိရသည်။

**အောင်ကိုဦး(ပြန်/ဆက်)**

## ❂ ရှေ့ဖုံးမှ

စိုက်ပျိုးပြီး ပထမတစ်လအတွင်း တစ်ပတ်နှစ်ကြိမ်ရေဝအောင် သွင်းပေးရမည် ဖြစ်သော်လည်း တစ်လကျော်ပါက တစ်ပတ်တစ်ကြိမ် နွေရာသီတွင် စိုက်ပျိုးရောင်းချသည့်ပန်းဖြစ်၍ တစ်ပတ်လျှင် သုံးကြိမ်ခန့် ရေသွင်းပေးရကြောင်း၊ ဖေဖော်ဝါရီလတွင် စတင်စိုက်ပျိုးပြီး ဧပြီလ သင်္ကြန်အကျော် နှစ်လခွဲခန့်ဆိုလျှင် ပန်းများခူးချိုး၍ရကြောင်း၊ လယ်မြေတွင် ပန်းပင်ပေါင်း ၂၀၀၀၀ ခန့် စိုက်ပျိုးထားကြောင်းနှင့် ပန်းခင်းများ အောင်မြင်ဖြစ်ထွန်း၍ နေ့စဉ်ဝင်ငွေရရှိကြောင်း ပန်းစိုက် တောင်သူ ဦးဝင်းမင်းထွန်းက ပြောသည်။

ငဖဲမြို့နယ်၌ နွေသီးနှံများစိုက်ပျိုးရာသီတွင် မန်းချောင်းရေလှောင် တမံဆည်ရေ၊ မြေအောက်ရေ တို့ဖြင့် စပါး၊ နှမ်း၊ ပန်း၊ ဖူးစားပြောင်းများ နှင့် ဂန္ဓမာပန်းများကို အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။

**မယု(ငဖဲ)**

# တစ်ဦးတစ်ယောက်ချင်းစီမှ အဖွဲ့၊ တပ်စိတ်၊ တပ်စုအဆင့်ဆင့်သည် အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် ပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် ရည်မှန်းချက်တာဝန်များ အောင်မြင်အောင်ဆောင်ရွက်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်၊ မိုင်းယောင်း၊ တာလေ၊ တာချီလိတ်တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယနေ့ နံနက်ပိုင်းတွင် မိုင်းဖြတ်၊ မိုင်းယောင်း၊ တာလေ၊ တာချီလိတ်တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား မိုင်းဖြတ်မြို့ရှိ နယ်မြေခံတပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစု များတက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံစဉ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် တပ်မတော်သားများ သည် နိုင်ငံတော်ကို ချစ်သောစိတ်၊ တိုင်းပြည်ကို ချစ်သောစိတ်တို့ဖြင့် မိမိ ဆန္ဒအလျောက် စွန့်လွှတ်စွန့်စားစွာ တာဝန်ထမ်းဆောင်နေသူများ ဖြစ်ကြောင်း၊ အလားတူ တပ်မတော်သားများ၏ဇနီး များသည်လည်း ကောင်းတူဆိုးဘက် တာဝန်ကျရာနေရာတွင် ပါရမီဖြည့်ဖက် ကောင်းများအဖြစ် လိုက်ပါနေထိုင်၍ တပ်ရေးတပ်ရာ ကိစ္စရပ်များတွင် ပူးပေါင်းပါဝင် လုပ်ကိုင်လျက်ရှိကြောင်း၊ ထို့အပြင် တပ်မတော်သည် ရဲဘော်စိတ်ကိုအခြေခံ၍ တည်ဆောက် ထားကာ အထက်အောက် လေးစားသော စိတ်ဓာတ်၊ ရွယ်တူကိုလေးစားသော စိတ်ဓာတ်၊ ငယ်သူကို ညှာတာသော စိတ်ဓာတ်ရှိသည့် ခိုင်မာသောအဖွဲ့ အစည်းဖြစ်ကြောင်း၊ တစ်ဦး တစ်ယောက်ချင်းစီမှ အဖွဲ့၊ တပ်စိတ်၊ တပ်စုအဆင့်ဆင့်သည် အဖွဲ့အစည်း စိတ်ဓာတ်ဖြင့် ပူးပေါင်းလုပ်ကိုင် ခြင်းဖြင့် ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် လိုကြောင်း။

တပ်မတော်သားများအတွက် စောင့် ထိန်းလိုက်နာရမည့် စစ်သည်တော် ကျင့်ဝတ်အပါး (၆၀) ကို ပြဋ္ဌာန်းထားပြီး ဖြစ်ကြောင်း၊ ကျင့်ဝတ်များကို လိုက်နာ ခြင်းဖြင့် အထက်အောက်ဆက်ဆံရေး၊ လုပ်ဖော်ကိုင်ဖက်ဆက်ဆံရေး၊ ပြည်သူ လူထုနှင့်ဆက်ဆံရေးများတွင် အဆင်ပြေ နိုင်မည်ဖြစ်၍ ကျင့်ဝတ်အပါး (၆၀) ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာစောင့်ထိန်း လိုက်နာရန်လိုအပ်ကြောင်း၊ စည်းကမ်း သည် တပ်မတော်၏ အသက်သွေးကြော ဖြစ်၍ စည်းကမ်းနှင့်ပတ်သက်၍ အလျှော့ပေး၍မရကြောင်း၊ တပ်မတော် တွင် တာဝန်ထမ်းဆောင်မှုမှ စားသောက်နေထိုင်သွားလာမှုများအထိ ထောင့်စုံအောင် သတ်မှတ်ထားသည့် စည်းကမ်းများရှိပြီး အိမ်ထောင်သည် လိုင်းစည်းကမ်း၊ တပ်ပြင်ထွက်ခွင့် စည်းကမ်း စသဖြင့်သတ်မှတ်ထားကာ လိုက်နာကြရန် လိုကြောင်း၊ စည်းကမ်း ချိုးဖောက်မှုများနှင့် ပတ်သက်၍ လျစ်လျူရှု၍မရကြောင်း၊ အိမ်ထောင် တစ်ခု၊ အဖွဲ့အစည်းတစ်ခုအတွင်း စည်းကမ်းချိုးဖောက်မှုကို လျစ်လျူရှုခြင်း သည် ၎င်းအိမ်ထောင်နှင့် အဖွဲ့အစည်း အတွင်း ပျက်စီးရာပျက်စီးကြောင်းကို ဖြစ်ပေါ်စေကြောင်း၊ တာဝန်ရှိသူများ၏ ဘာသိဘာသာနေမှုသည် အဖွဲ့အစည်းကို ထိခိုက်စေသည်သာမက ပတ်ဝန်းကျင် ကိုပါ ထိခိုက်စေနိုင်သဖြင့် စည်းကမ်းနှင့် အညီ ပြုပြင်ဆုံးမရန် လိုကြောင်း၊ သို့ဖြစ် ၍ စည်းကမ်းနှင့်ပတ်သက်လာပါက အမိအဖစိတ်ဓာတ်၊ တပ်မှူးကောင်း စိတ်ဓာတ်တို့ဖြင့် မပြတ်သွန်သင်ဆုံးမ ခြင်းဖြင့် မကောင်းမှုကို တားမြစ်နိုင်ပြီး စည်းကမ်းကောင်းသော တပ်မတော် အဖြစ် အစဉ်ရပ်တည်နိုင်မည်ဖြစ် ကြောင်း။

အထက်ပါ စိတ်ဓာတ်နှင့်စည်းကမ်း ကဲ့သို့ အရေးကြီးသောအချက်မှာ သစ္စာရှိမှုပင်ဖြစ်ကြောင်း၊ သစ္စာရှိမှုသည် တပ်မတော်သားတိုင်းအတွက် ဘဝနှင့် သက်ဆိုင်၍ လေးနက်မှုရှိကြောင်း၊ တပ်မတော်သားတို့သည် နိုင်ငံတော် အတွက် အသက်ကိုပင် စွန့်လွှတ်မည်ဟု ကတိသစ္စာပြုထားသူများ ဖြစ်ကြ ကြောင်း၊ နိုင်ငံတော်အတွက် သစ္စာရှိစွာ စွန့်လွှတ်စွန့်စား တာဝန်ထမ်းဆောင် သောသူများကိုလည်း ချီးမြှောက်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ သစ္စာရှိမှု ဆိုရာတွင်လည်း နိုင်ငံတော်နှင့် တပ်မတော်အပြင် မိမိရဲဘော်ရဲဘက်နှင့် မိသားစုများအပေါ် သစ္စာရှိစွာ အမြဲ စောင့်ထိန်းနေရန် အလေးအနက်ထား မှာကြားလိုကြောင်း၊ တစ်ဦးတစ်ယောက် ချင်းစီ၏ သစ္စာရှိစွာ လိုက်နာကျင့်ကြံမှုမှ အဖွဲ့အစည်းအပေါ် သက်ရောက်မှု ရှိပြီး စည်းလုံးညီညွတ်မှုကိုလည်း တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှု၊ သစ္စာရှိမှုကို အခြေခံ၍တော်တည့်မှန်ကန် သော ခေါင်းဆောင်မှုပေးခြင်းဖြင့် အဖွဲ့ အစည်းအတွင်း စည်းလုံးညီညွတ်မှုကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ တပ်မှူးလုပ်သူ သည် မှန်ကန်သောအမိန့်ကို ပေးရန် လိုပြီး ၎င်းအမိန့်ကို လိုက်ပါဆောင်ရွက် နိုင်ရန်လည်း လိုအပ်ချက်ကိုဖြည့်ဆည်း ပေးနိုင်ရန်လိုကြောင်း၊ ကောင်းမွန်သော ခေါင်းဆောင်မှုနှင့် စည်းလုံးညီညွတ်မှု ရှိသော တပ်ရင်း/တပ်ဖွဲ့သည် မည်သည့် ကိစ္စကိုမဆို အောင်မြင်အောင်လုပ်ဆောင် နိုင်ကြောင်း၊ စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်ခြင်း၊ သစ္စာရှိခြင်း၊ စည်းလုံး ခြင်းဟူသော အချက် (၄) ချက်နှင့်ပြည့်စုံ ခြင်းဖြင့် စွမ်းရည်သုံးရပ် ပြည့်စုံနိုင်မည် ဖြစ်ကြောင်း၊ စွမ်းရည်သုံးရပ်တွင်လည်း တပ်ရင်း/တပ်ဖွဲ့တိုင်းသည် စစ်ရေး စွမ်းရည်ပြည့်ဝနေရန် အမြဲလေ့ကျင့် နေကြရန်လိုကြောင်း။

လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင် ရန် ကျန်းမာကြံ့ခိုင်မှုသည် အခြေခံလိုအပ် ချက်ဖြစ်ကြောင်း၊ ကျန်းမာရေးကြောင့် မလိုလားအပ်သော ပြဿနာများဖြစ်ပေါ် လျက်ရှိပြီး တပ်မတော်အတွက် ဆုံးရှုံးမှု များဖြစ်ပေါ်သကဲ့သို့ မိသားစုများအတွက် လည်း ဝန်ထုပ်ဝန်ပိုးဖြစ်စေကြောင်း၊ ကျန်းမာရေး၊ ပညာရေးနှင့် ဘာသာရေး တို့သည် မိမိကိုယ်တိုင်ကြိုးစားလုပ်ယူ ရသောကိစ္စရပ်များဖြစ်ကြောင်း၊ သို့ဖြစ်၍ ကျန်းမာရေးကို ကိုယ်စီဂရုစိုက်ကြရန်နှင့် ကျန်းမာရေးထိခိုက်စေသည့် အပျော် အပါးများကို ရှောင်ကြဉ်ရန် မှာကြား လိုကြောင်း။

စာမျက်နှာ ၅ သို့ ❖




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၏ဇနီး ဒေါ်နီလာ တပ်နယ်များရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

- **စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှု၊ သစ္စာရှိမှုကို အခြေခံ၍ တော်တည့်မှန်ကန်သော ခေါင်းဆောင်မှုပေးခြင်းဖြင့် အဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်မှုကို ရရှိနိုင်မည်**
- **တပ်မှူးလုပ်သူသည် မှန်ကန်သောအမိန့်ကို ပေးရန်လိုပြီး ၎င်းအမိန့်ကို လိုက်ပါ ဆောင်ရွက်နိုင်ရန်လည်း လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်လို**
- **ကောင်းမွန်သောခေါင်းဆောင်မှုနှင့် စည်းလုံးညီညွတ်မှုရှိသော တပ်ရင်း/တပ်ဖွဲ့သည် မည်သည့်ကိစ္စကိုမဆို အောင်မြင်အောင်လုပ်ဆောင်နိုင်**
- **စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ခြင်း၊ သစ္စာရှိခြင်း၊ စည်းလုံးခြင်းဟူသော အချက် (၄)ချက်နှင့် ပြည့်စုံခြင်းဖြင့် စွမ်းရည်သုံးရပ်ပြည့်စုံနိုင်မည်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ မိုင်းဖြတ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်ကြည့်ရှုအားပေး



တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မိုင်းဖြတ်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူနေသူများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားစဉ်။



တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး ဒေါ်နီလာ အမျိုးသမီးနှင့် ကလေးကုသဆောင်၌ တက်ရောက် ဆေးကုသမှု ခံယူနေသူများအား ကြည့်ရှု အားပေးစဉ်။

**နေပြည်တော် မေ ၂၄**

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး သည် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မိုင်းဖြတ်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက် ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ အား သွားရောက်ကြည့်ရှုအားပေး စကားပြောကြားသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက်တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံ တပ်မတော်ဆေးရုံတွင် တက်ရောက် ဆေးကုသမှုခံယူ လျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ အား လိုက်လံကြည့်ရှုပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု အခြေအနေများ၊ ဆေးဝါးကုသမှုပေးထားသည့် အခြေအနေများနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အလားတူတပ်မတော်ကာကွယ် ရေးဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေး ကုသဆောင်များသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၄ မှ

ပညာရေးနှင့်ပတ်သက်၍ တပ်မတော်သားများ၏ သား/သမီးအားလုံးကို KG+9 အဆင့်အထိ အနည်းဆုံးတတ်မြောက်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ KG+9 တက်ရောက်အောင်မြင်ပြီးသူများ အနေဖြင့်လည်း စက်မှုသိပ္ပံကျောင်းများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများ၊ မွေးမြူရေးသိပ္ပံကျောင်းများသို့ ဆက်လက် တက်ရောက်နိုင်မည်ဖြစ်သဖြင့် တာဝန်ရှိသူများအနေဖြင့် အခွင့်အလမ်းများရရှိအောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းသည် တပ်မတော်နှင့် နိုင်ငံတော်အတွက် လူသားအရင်းအမြစ်များ ထွက်ပေါ်လာအောင် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

တပ်မတော်သားများနှင့် မိသားစုဝင်များအနေဖြင့် ဗဟုသုတရစေသည့် ပြင်ပစာပေများကို ဖတ်ရှုလေ့လာရန်လိုကြောင်း၊ တပ်မတော်မှ ထုတ်ဝေဖြန့်ချိလျက်ရှိသော မဂ္ဂဇင်း၊ ဂျာနယ်များနှင့် သတင်းစာများကို အချိန်မီရရှိအောင် တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ မူးယစ်ဆေးဝါးကိစ္စများနှင့် ပတ်သက်၍ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် မိသားစုဝင်များပါ ကင်းကင်းရှင်းရှင်းရှိစေရေး ကြပ်မတ်သွန်သင်နေရန်လိုကြောင်း၊ အလားတူ လောင်းကစားခြင်းသည်လည်း ဆိုးရွားသောအကျိုးဆက်များကိုဖြစ်ပေါ်စေ၍ မိသားစုနှင့် လုပ်ငန်းတာဝန်များကိုပါ ထိခိုက်စေနိုင်ကြောင်း၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုနှင့် ပတ်သက်၍လည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သဘောထား၍ သတင်းရရှိသည်နှင့် တစ်ပြိုင်နက် သက်ဆိုင်ရာ တာဝန်ရှိသူများထံ အချိန်မီသတင်းပို့ တားဆီးနိုင်ရန်လိုကြောင်း။

တပ်မတော်အနေဖြင့် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် လိုအပ်ချက်များကို အမြဲမပြတ် ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ မိသားစုဝင်များအနေဖြင့်လည်း တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြရေး တိုက်တွန်းလိုကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် မိသားစု၏စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ပြီး သက်သာချောင်ချိမှုဖြစ်ပေါ်နိုင်မည်ဖြစ်ကြောင်း။

မိုင်းဖြတ်၊ မိုင်းယောင်း၊ တာလေ၊ တာချီလိတ်ဒေသတို့သည် တိုင်းရင်းသားပြည်သူလူထုအများစု နေထိုင်ရာနယ်မြေများဖြစ်၍ ဒေသခံတိုင်းရင်းသားများနှင့် ထိတွေ့ဆက်ဆံရာတွင် တပ်မတော်သားပီသစွာ ကျင့်ဝတ်နှင့်အညီ ပြုမူပြောဆိုရန်နှင့် ဒေသအလိုက် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာခဲ့ပါကလည်း အထက်အမိန့်မစောင့်ဘဲ ထိရောက်သောကူညီမှုများ ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူလူထု၏ ယုံကြည်လေးစားမှုကိုရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကိုမေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်နယ်မှူးက လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်များရှိ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးက လည်းကောင်း လက်ခံရယူကြသည်။

ယင်းနောက်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မိုင်းဖြတ်တပ်နယ်အတွင်းရှိ တပ်ရင်း/တပ်ဖွဲ့များအား မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သန်လျင်မြို့၌ လုံခြုံစိတ်ချမိခင်ဘဝ သေချာရအောင်ဝိုင်းကူကြ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**သန်လျင် မေ ၂၄**

သန်လျင်မြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ လုံခြုံစိတ်ချမိခင်ဘဝ သေချာရအောင်ဝိုင်းကူကြ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်း၊ သန်လျင်ခရိုင်အတွင်းရှိ မြို့နယ်များမှ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပုဂ္ဂလိကဆေးရုံနှင့် ဆေးခန်းများမှ တာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့များမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် လုံခြုံစိတ်ချ မိခင်ဘဝ အကြောင်း သိကောင်းစရာများနှင့် မိခင်သေဆုံးမှုအခြေအနေဆန်းစစ်လေ့လာခြင်း ခေါင်းစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအေးငြိမ်းဦးက လည်းကောင်း၊ သန်လျင်ပြည်သူ့ဆေးရုံကြီးတွင် သေဆုံးခဲ့သောမိခင်များအား ဆန်းစစ်တင်ပြခြင်းနှင့် ကုသမှုဆိုင်ရာများခေါင်းစဉ်ဖြင့် သန်လျင်ပြည်သူ့ဆေးရုံကြီးမှ (သားဖွားမီးယပ်) အထူးကုဆရာဝန်ကြီး ဒေါက်တာကေသီအောင်က လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲ၏ ကောက်နုတ်ချက်များကို ခရိုင်ကုသရေးဦးစီးဌာနမှူး ဆေးရုံအုပ်ကြီး ဒေါက်တာချောနန္ဒီက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# အိုဘယ့် မိခင် ဧရာဝတီ (၁)

တယော(ရေသယံဇာတ)

**စာရေးသူ ယခုရက်ပိုင်းအတွင်း နားထဲစွဲစွဲမြဲမြဲရှိနေအောင် နားထောင်မိနေသော သီချင်းများက (ဆရာ) မြင့်မိုးအောင် ရေးသားပြီး (ဦး)ဇော်ဝင်းထွဋ် သီဆိုထားသည့် "မျှော်လင့်ချက်ကမ်းခြေ"နှင့် (ဆရာ) ထူးအိမ်သင် ကိုယ်တိုင်ရေးသားသီဆိုထားသော "ရာဇဝင်များရဲ့သတို့သမီး"တို့ ဖြစ်ပါသည်။**

> **"မြစ်များသည် အချိန်ကြာလာသည်နှင့်အမျှ လမ်းကြောင်းပြောင်းလဲနိုင်သည့် သဘောသဘာဝ ရှိသည့်အတွက် မြစ်ပြင်ကျယ်ပြန့်လာခြင်း၊ မြစ်ရေစီးကြောင်း ပြောင်းလဲခြင်း၊ မြစ်ကော ချောင်းကောများ ဖြစ်ပေါ်လာခြင်း၊ သဲနုန်းများ တင်ပို့မှုများပြားလာခြင်းများလည်း ဖြစ်ပေါ်နေပြန်သည်။ မြစ်ကမ်းပါး တိုက်စားမှု၊ သဲနုန်းစုပြုံမှုများကြောင့် ကွေ့ကောက်သော မြစ်လမ်းကြောင်း၊ မြစ်ဟောင်းကန်၊ မြစ်ကျိုးအင်း စသည်တို့ ဖြစ်ပေါ်လာတတ်ပါသည်။ မြစ်များသည် သဘာဝဂေဟစနစ်အတွက် အလွန်အရေးပါပြီး ရေသတ္တဝါများ၊ ငါးများ၊ အပင်များနှင့် တိရစ္ဆာန်များ၏ အသက်ရှင်ရေးအတွက် အခြေခံရေအရင်းအမြစ် ဖြစ်သလို လူသားများအတွက်လည်း သောက်သုံးရေ၊ စိုက်ပျိုးရေ၊ လျှပ်စစ်ဓာတ်အား(ရေအားလျှပ်စစ်) နှင့် ရေကြောင်းသယ်ယူပို့ဆောင်ရေး စသည့်အရေးပါသော အကျိုးကျေးဇူးများကို ပေးစွမ်းနိုင်"**

ဤသီချင်းကောင်းများက မိမိတို့မြန်မာနိုင်ငံ၏ အသက်သွေးကြောဟု တင်စားခေါ်ဝေါ်ကြသော မိခင်ဧရာဝတီမြစ်ကြီးအကြောင်း ရေးသားဖွဲ့သီထားခြင်းဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံ၏ အသက်သွေးကြော၊ ကျွန်တော်တို့နိုင်ငံ၏ မိခင်ဖြစ်သော ဧရာဝတီမြစ်ကြီးသည် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကြောင့် ထိခိုက်နိုင်သလား၊ တည်ဆောက်မည့်တမံက ငလျင်ဒဏ်ခံနိုင်မလား၊ ဆည်၏ အောက်ဘက်ဒေသများတွင် ရေခန်းခြောက်နိုင်သလား၊ နိုင်ငံတော်ကရရှိမည့် အကျိုးအမြတ်က ဘာတွေရှိမလဲ၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သလား လူမှုကွန်ရက်မှာ ပြောဆိုဝေဖန်ရေးသားနေကြသလို မလုပ်သင့်သော စီမံကိန်းလား၊ စီမံကိန်း၏ အားသာချက်၊ ကောင်းကျိုးတွေက ဘာလဲဆိုသည်ကို သိချင်စိတ်၊ လေ့လာဆန်းစစ်ချင်စိတ်များ ဖြစ်ပေါ်လာခဲ့၍ ဆရာ့ရုံးခန်းဘက်သွားကာ ရုံးအဖွဲ့ထံ သတင်းပို့ပြီး တွေ့ခွင့်တောင်းခဲ့ပါသည်။

ဆရာ့ရုံးခန်းထဲရောက်သည့်အခါ လုပ်လက်စအလုပ်များကို လုပ်နေရင်း မိမိအား သူ၏ရုံးစားပွဲရှေ့ထိုင်ခုံတွင် ထိုင်စေ၍ မိမိ၏ လာရင်းကိစ္စအကြောင်းရင်းကို မေးလေသည်။ မိမိလည်း အချိန်မဆိုင်းတော့ဘဲ အလုပ်များပြီး မအားသော ဆရာသမားကပေးသည့် အချိန်အပိုင်းအခြားအတွင်း မိမိသိချင်သော ဧရာဝတီမြစ်ကြီးနှင့် ရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်သမျှ အကြောင်းအရာများကို မေးမြန်းရာ ဆရာကလည်း နိုင်ငံတကာစံနမူနာများဖြင့် အသေအချာရှင်းလင်း သင်ကြားပေးခဲ့ပါသည်။ ဆရာ့ရုံးခန်းမှအထွက် ဧရာဝတီမြစ်ကြီးနှင့်ပတ်သက်ပြီး မိမိကဲ့သို့ လူမှုကွန်ရက်များနှင့် သတင်းမီဒီယာများထက်တွင် ပျံ့နှံ့နေသော သတင်းအမှား၊ အချက်အလက်အမှားများကို ယုံလွယ်ပြီး မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းအပေါ် ဆန့်ကျင်ကန့်ကွက်လိုသူများအား ဆရာရှင်းပြပေးသော သတင်းအမှန်၊ အချက်အလက်အမှန်ကို သိစေရန်နှင့် နိုင်ငံတော်၏ အကျိုးစီးပွားဖြစ်ထွန်းစေရန် ရည်ရွယ်ချက်ဖြင့် ဆောင်းပါးတစ်ပုဒ် ရေးမည် ဆုံးဖြတ်ခဲ့ပါသည်။

**မိခင်ဧရာဝတီမြစ်ကြီးသည် ဟိမဝန္တာတောင်တန်း၏ အရှေ့ဘက်အစွန်ဆုံး ဘိုရှူလာတောင်တန်းများမှ စတင်လာပြီး မြန်မာပြည်မြောက်ပိုင်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့၏ မြောက်ဘက် ၂၆ မိုင် ၅ ဖာလုံခန့်အကွာတွင် မေခမြစ်နှင့် မလိခမြစ် မြစ်နှစ်သွယ်တို့ ပေါင်းဆုံမြစ်ဖျားခံ၍ မြန်မာပြည်တစ်လျှောက် ဖြတ်သန်းစီးဆင်းကာ ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့အနီး၌ မြစ်မြွာများ ကွဲထွက်ပြီး မြစ်ဝကျွန်းဒေသတစ်ခု ဖြစ်ပေါ်ကာ မုတ္တမပင်လယ်အတွင်းသို့ စီးဝင်ပါသည်။ ဧရာဝတီမြစ်ကြီးသည် စုစုပေါင်း ရေဆင်းဧရိယာအဖြစ် အကျယ် စတုရန်းကီလိုမီတာ ၄၁၃၇၁၀ ရှိပြီး အလျားကီလိုမီတာ ၂၁၇၀၊ မိုင်အားဖြင့် ၁၃၇၅ မိုင် ရှည်လျားပါသည်။ ပျမ်းမျှရေထုစီးနှုန်းအနေဖြင့် ၁၃၀၀၀ ကုဗ မီတာ/စက္ကန့်ရှိပြီး မြစ်ကြောင်းအတွင်း သင်္ဘောများသွားလာနိုင်သော အလျားမှာ မိုင် ၉၅၀ ရှိပါသည်။**

ဧရာဝတီမြစ်ကြီးကို ချင်းတွင်းမြစ် စီးဝင်ပေါင်းဆုံသောနေရာမှ အထက်ဘက်ကို ဧရာဝတီမြစ်အထက်ပိုင်းနှင့် ထိုစီးဝင်ပေါင်းဆုံသောနေရာမှ အောက်ဘက်မြစ်ဝကျွန်းပေါ်ဒေသ မစတင်မီ ဟသ်ာတမြို့အထိ အပိုင်းကို ဧရာဝတီမြစ်အောက်ပိုင်းဟု ယေဘုယျ သတ်မှတ်ထားကြပါသည်။ ချင်းတွင်းမြစ်ကို နိုင်ငံ၏ အဓိကမြစ်များထဲတွင် ထည့်သွင်းဖော်ပြကြသော်လည်း ဧရာဝတီမြစ်အတွင်း စီးဝင်သည့် အရေးပါသော မြစ်လက်တက်တစ်ခုဟုလည်း ဆိုနိုင်ပြန်သည်။ ချင်းတွင်းမြစ်သည် ဧရာဝတီမြစ်နှင့် ပေါင်းဆုံသောနေရာတွင် ရေဆင်းဧရိယာ စတုရန်းကီလိုမီတာ ၁၁၅၃၀၀ ခန့်ရှိပြီး ချင်းတွင်းမြစ်၏ နှစ်စဉ် မိုးတွင်းကာလ ရေဆင်းမှုပမာဏသည် ဧရာဝတီမြစ်ကြီး၏ ၄၀ ရာခိုင်နှုန်းခန့်ရှိပါသည်။

ဧရာဝတီမြစ်ကြီးအတွင်း စီးဝင်ကြသော မြစ်လက်တက်များအဖြစ် ဧရာဝတီမြစ်အထက်ပိုင်းတွင် မြစ်ကြီး၏ လက်ယာဘက်မှ မိုးကောင်းချောင်းနှင့် မူးမြစ်၊ လက်ဝဲဘက်မှ တာပိန်မြစ်၊ ရွှေလီမြစ်၊ ချောင်းမကြီးချောင်း၊ မြစ်ငယ်မြစ်(နမ္မတူမြစ်)၊ ဇော်ဂျီမြစ်၊ ပန်းလောင်မြစ်နှင့် စမုန်ချောင်းတို့ ဖြစ်ကြသည်။ ဧရာဝတီမြစ်အောက်ပိုင်းတွင် ယင်းချောင်း၊ ပင်းချောင်း၊ ဘွက်ကြီးချောင်း၊ မြောက်နဝင်းချောင်းနှင့် တောင်နဝင်းချောင်းတို့က လက်ဝဲဘက်မှ စီးဝင်ပြီး ယောချောင်း၊ စလင်းချောင်း၊ မန်းချောင်း၊ မုန်းချောင်းနှင့် မင်းတုန်းချောင်းတို့က လက်ယာဘက်မှ စီးဝင်ကြသည်။

မြန်မာပြည်၏ အထက်မှအောက်၊ မြောက်မှတောင်သို့ ဖြတ်သန်းစီးဆင်းနေသော မိခင်ဧရာဝတီမြစ်ကြီးသည် မြန်မာပြည်၏ အဓိကပြည်တွင်းရေကြောင်းသွားလာရေး လမ်းကြောင်းကြီးဖြစ်သည့်အပြင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှ ဆန်ရေစပါးများကို မြန်မာပြည်အထက်ပိုင်းသို့ တင်ပို့ရောင်းချရာ ကုန်သွယ်ရေးလမ်းကြောင်းကြီး ဖြစ်သည်။

သို့သော် **ဧရာဝတီမြစ်ကြီး၏ မိုးရာသီရေစီးဆင်းမှုနှင့် နွေရာသီရေစီးဆင်းမှုပမာဏမှာ များစွာကွာခြားမှုရှိနေသောကြောင့် နွေရာသီတွင် ရေခန်းခြောက်မှုပြဿနာများရှိ၍ ရေကြောင်းကုန်စည်ကူးသန်းသွားလာရေးအတွက် အခက်အခဲများစွာ ကြုံတွေ့နေရသည်။ နှစ်စဉ်ပုံမှန်စီးဝင်နေသော ရေကို အကျိုးရှိစွာ သိုလှောင်အသုံးချပြီး နွေရာသီ ရေရှားပါးမှုပြဿနာများ ဖြေရှင်းနိုင်သလို ရေအားအမြင့် လုံလောက်စွာရရှိနိုင်သော နေရာများတွင် ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်၍ လျှပ်စစ်ထုတ်လုပ်သင့်ပေသည်။ ထို့ပြင် ရေအားလျှပ်စစ်တမံများသည် မိုးရာသီ မိုးများမှုကြောင့် ရေကြီးရေလျှံမှုကို အတန်အသင့် ကာကွယ်နိုင်ရန် လိုအပ်သော ကာကွယ်ရေးအစီအမံများအဖြစ်ပါ အသုံးချနိုင်ပေမည်။**

## မြစ်တွေ ဘယ်လိုဖြစ်ပေါ်လာသလဲ

မြစ်ကြမ်းပြင်နှင့် မြစ်ကြောင်းများက ဘူမိဗေဒမြေမျက်နှာသွင်ပြင်နှင့် အောက်ခံမြေလွှာများ ရွေ့လျားမှုကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ပြီး အဆိုပါ မြေမျက်နှာသွင်ပြင်၏ အထက်ဘက်ဒေသများတွင် မိုးရွာသွန်းခြင်း၊ ဆီးနှင်းကျခြင်း၊ ရေခဲများအရည်ပျော်ခြင်း စသည့်သဘာဝဖြစ်ရပ်များကြောင့် ရေစီးဆင်းမှုဖြစ်ပေါ်လာသည်။ ထိုရေများသည် လျှိုမြောင်များမှတစ်ဆင့် မြောင်းငယ်၊ ချောင်းငယ် အသွယ်သွယ် ဖြတ်သန်းစီးဆင်းပြီး မြစ်ပြင်မှတစ်ဆင့် ပင်လယ်သမုဒ္ဒရာဆီသို့ စီးဆင်းသွားကြလေသည်။ ကမ္ဘာဦးအစကတည်းကပင် တောတောင်ရေမြေသဘောသဘာဝများ ဆင့်ကဲပြောင်းလဲဖြစ်ပေါ်လာမှုများကြောင့် မြစ်ချောင်းများသည် ပုံသဏ္ဌာန်မျိုးစုံ ပြောင်းလဲဖြစ်တည်ခဲ့ကြရသည်။

ရေ၏ သဘောသဘာဝအရ မြင့်ရာမှနိမ့်ရာသို့ စီးဆင်းသောကြောင့် မြစ်ချောင်းများ၏ အရင်းအမြစ်သည် များသောအားဖြင့် တောင်တန်းဒေသများနှင့် ကုန်းမြေမြင့်ဒေသများတွင် မြစ်ဖျားခံလေ့ရှိပြီး မြေပြန့်လွင်ပြင်များကို ဖြတ်သန်းစီးဆင်းကာ မြေနိမ့်ဒေသနှင့် ပင်လယ်၊ သမုဒ္ဒရာတို့တွင် အဆုံးသတ်ကြပါသည်။ မြစ်ရေစီးဆင်းမှုသည်လည်း ရာသီဥတုနှင့် မိုးရွာသွန်းမှုအပေါ်မူတည်၍ အမြဲပြောင်းလဲနေပါသည်။ မိုးရာသီ မိုးများသည့်ကာလများတွင် မြစ်ရေမြင့်တက်လာပြီး ရေစီးနှုန်းများပြားကာ ရေကြီးရေလျှံမှု၊ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်နိုင်သကဲ့သို့ နွေရာသီနှင့် မိုးနည်းသောကာလများတွင် မြစ်ရေလျော့နည်းတတ်ပါသည်။ မြစ်များသည် မြေမျက်နှာပြင်ကို ပြောင်းလဲစေသော အင်အားကြီးမားသည့် သဘာဝအင်အားတစ်ရပ်ဖြစ်ပြီး မြစ်ရေစီးအားကြောင့် မြစ်ကမ်းပါးနှင့် မြစ်အောက်ခံမြေပြင်ကို တိုက်စားတတ်သည်။ သဲ၊ သစ်ပင်၊ သဲနုန်းများကို မြစ်အောက်ပိုင်းဒေသများသို့ သယ်ဆောင်တတ်ကြသည်။ ရေစီးအားနှေးသည့်နေရာများတွင် သဲနုန်းများစုပြုံကာ မြစ်ဝကျွန်း၊ မြေနုကျွန်းများ ဖြစ်ပေါ်စေပါသည်။

မြစ်များသည် အချိန်ကြာလာသည်နှင့်အမျှ လမ်းကြောင်းပြောင်းလဲနိုင်သည့် သဘောသဘာဝရှိသည့်အတွက် မြစ်ပြင်ကျယ်ပြန့်လာခြင်း၊ မြစ်ရေစီးကြောင်းပြောင်းလဲခြင်း၊ မြစ်ကော ချောင်းကောများ ဖြစ်ပေါ်လာခြင်း၊ သဲနုန်းများ တင်ပို့မှုများပြားလာခြင်းများလည်း ဖြစ်ပေါ်နေပြန်သည်။ မြစ်ကမ်းပါးတိုက်စားမှု၊ သဲနုန်းစုပြုံမှုများကြောင့် ကွေ့ကောက်သော မြစ်လမ်းကြောင်း၊ မြစ်ဟောင်းကန်၊ **မြစ်ကျိုးအင်း စသည်တို့ ဖြစ်ပေါ်လာတတ်ပါသည်။ မြစ်များသည် သဘာဝဂေဟစနစ်အတွက် အလွန်အရေးပါပြီး ရေသတ္တဝါများ၊ ငါးများ၊ အပင်များနှင့် တိရစ္ဆာန်များ၏ အသက်ရှင်ရေးအတွက် အခြေခံရေအရင်းအမြစ်ဖြစ်သလို လူသားများအတွက်လည်း သောက်သုံးရေ၊ စိုက်ပျိုးရေ၊ လျှပ်စစ်ဓာတ်အား(ရေအားလျှပ်စစ်)နှင့် ရေကြောင်းသယ်ယူပို့ဆောင်ရေး စသည့်အရေးပါသော အကျိုးကျေးဇူးများကို ပေးစွမ်းနိုင်ပါသည်။**

သမိုင်းတစ်လျှောက် လူ့ယဉ်ကျေးမှု အများစုသည်လည်း မြစ်ကမ်းဘေးတွင် မွေးဖွားဖွံ့ဖြိုးလာခဲ့ကြသည်။ ဧရာဝတီ၊ နိုင်း၊ ယန်ဇီ၊ တိုင်ဂရစ်နှင့် ယူဖရေးတစ်စ်မြစ်များသည် လူ့ယဉ်ကျေးမှုကြီးများ ပေါက်ဖွားရာ အခြေခံအရင်းအမြစ်များ ဖြစ်ကြလေသည်။ မြစ်သည် သဘာဝရေဂေဟစနစ်၏ အဓိကအင်အားတစ်ရပ်ဖြစ်ပြီး မြေမျက်နှာပြင်ကို ပြောင်းလဲစေသည့် သဘာဝအင်အား၊ လူ့အသိုင်းအဝိုင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ထောက်ပံ့ပေးသည့် အသက်ရှင်မှု အခြေခံအရင်းအမြစ်တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် မြစ်များကို ထိန်းသိမ်းကာကွယ်ပြီး တည်တံ့ခိုင်မြဲစွာ အသုံးချနိုင်ရေးက အနာဂတ်ကမ္ဘာကြီးအတွက် မဖြစ်မနေလိုအပ်သော တာဝန်တစ်ရပ်ပင်ဖြစ်ပါသည်။

## ရှေးမြန်မာတို့ လယ်ယာမြေအတွက် ရေကို ဘယ်လိုအသုံးပြုခဲ့ကြသလဲ

ရှေးယခင် ခေတ်အဆက်ဆက် သောက်ရေ၊ သုံးရေ ရှားပါးခဲ့ခြင်းပြဿနာကို အဘိုးအဘွား၊ မိဘများ၏ ပြောစကားများအရ သိရှိမှတ်သားခဲ့ရပြီး ရေ၏တန်ဖိုးနှင့် အသုံးဝင်ပုံကို သတိပြုမိခဲ့ပါသည်။ အညာဒေသတွင် မိုးရွာမှ လယ်ယာစိုက်ပျိုးရေးအတွက် ရေရတတ်ကြသလို တံစက်မြိတ်မှ ကျလာသည့်ရေကိုခံပြီး ရေတံလျှောက်နှင့် ရေလှောင်ကန်ဆီ သွယ်တန်းရယူထားသောရေကို သုံးရေအဖြစ် လုပ်ကြရပါသည်။ ရှေးမြန်မာများ လယ်ယာအတွက် ရေရရှိရေးစီမံခန့်ခွဲပုံကို လေ့လာသိရှိရသလောက် ရေးသားရလျှင် ရှေးမြန်မာနိုင်ငံ၌ မိုးရာသီ မိုးများသော်လည်း မိုးမရွာသည့်ကာလမှာ ခြောက်လခန့်ရှိပြီး အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် ရေရှားပါးသောကြောင့် ရေထိန်းသိမ်းရေးနှင့် ရေဖြန့်ဝေရေးသည် လယ်ယာစိုက်ပျိုးရေးအတွက် အသက်သွေးကြောဖြစ်ခဲ့ပါသည်။

ထို့ကြောင့် ရှေးမြန်မာမင်းများက မိုးရာသီတွင် မိုးရေကို စုဆောင်းနိုင်ရန် ရေကန်ကြီးများ ဆောက်လုပ်ခဲ့ကြသည်။ **စာမျက်နှာ ၇ သို့** ❖

❖ စာမျက်နှာ ၆ မှ

ရေစီးရေဝင်ကောင်းမွန်သော ချောင်းများကို မြေသားဖြင့် တမံပိတ်ဆို့၍ ကန်ဖွဲ့ခြင်းဖြင့် မိုးရာသီတွင်ရေသိုလှောင်ကာ မိုးနည်းသောရာသီတွင် လယ်ယာများဆီသို့ ဖြန့်ဝေပေးခဲ့ကြပါသည်။ ထင်ရှားသော ဥပမာများအဖြစ် ပုဂံဒေသမှ မြကန်၊ မိတ္ထီလာကန် စသောကန်များသည် လယ်ယာအတွက်သာမက သောက်သုံးရေ၊ ဘုရားကျောင်းအသုံးပြုရေအဖြစ်ပါ အသုံးပြုခဲ့သည်။ ဧရာဝတီမြစ်၊ ချောင်းများမှ ရေမြောင်းများတူးဖော်၍ လယ်ကွင်းများဆီ ရေခွဲဝေခဲ့သည်။ ချောင်းများတွင် အနိမ့်တမံဆောက်ကာ ရေကို တစ်ဖက်သို့လှည့်ပေးခြင်းဖြင့် ရေတက်ချိန်တွင် လယ်ထဲဝင်စေရန် စီမံခဲ့ကြသည်။ အိမ်ခြံမြေ၊ လယ်ကွင်းအနီးတွင် ရေတွင်းများနှင့် ရေကန်ငယ်များတူးဖော်၍ မြေအောက်ရေကို အသုံးချရန် ကြံဆောင်ခဲ့ခြင်းသည် လယ်ယာအတွက်သာမက လူနေမှုဘဝအတွက်ပါ အရေးပါခဲ့သည်။

ပုဂံခေတ်၌ မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် ထွန်းကားခဲ့သည်။ ယင်းဒေသသည် မိုးမမှန်သည့် မိုးနည်းဒေသဖြစ်ခြင်း၊ မိုးရာသီတွင် မိုးများသော်လည်း မိုးမရွာသည့်ကာလရှည်လျားခြင်း၊ ဧရာဝတီမြစ်ကြီးရှိသော်လည်း မြစ်ကမ်းမှ အဝေးတွင်ရှိသော လယ်ယာများ အများအပြားရှိခြင်းတို့ကြောင့် ရေထိန်းသိမ်းရေးနှင့် ရေဖြန့်ဝေရေးကို စနစ်တကျ မလုပ်နိုင်ပါက လယ်ယာစိုက်ပျိုးရေး မတည်တံ့နိုင်သော အခြေအနေဖြစ်သည်။ ထို့ကြောင့် ပုဂံခေတ်တွင် ရေရရှိရေးကို နိုင်ငံတော်အဆင့် အရေးကြီးကိစ္စအဖြစ် သတ်မှတ်ခဲ့ကြသည်။ ပုဂံခေတ် ရေရရှိရေးစနစ်၏ အခြေခံအယူအဆအဖြစ် မိုးရာသီ ရေကို အလွန်အကျွံမဖြုန်းတီးဘဲ စုဆောင်းခြင်း၊ စုဆောင်းထားသောရေကို မိုးနည်းသောရာသီတွင် ထိရောက်စွာ ဖြန့်ဝေခြင်း၊ သဘာဝမြေပြင်အနိမ့်အမြင့်ကို အပြည့်အဝအသုံးချခြင်းဆိုသည့် အယူအဆသုံးရပ်အပေါ် အခြေခံထားသည်။ ဤအယူအဆကို အကောင်အထည်ဖော်ရန် အရေးပါဆုံးသော ပြယုဂ်မှာ “မြကန်” ဖြစ်သည်။

မြကန်ကို ရေးအမည်မသိ စာဆိုတစ်ဦးက–

**မြကန်သာ**

မြကန်သာ၊ တောင်ကျချောင်းဘေး၊
ရေဝင်ပြေးလှည့်၊ ရေအေးကြည်စွာ၊
ကန်ပိုင်မာလျက်၊ ကြာပေါင်းထုံထုံ၊
ငှက်မျိုးစုံသည်၊ ဘုံဝတီသာ၊
နန္ဒာပေလော၊ တူစွဟုတ္တာ။

ဟူ၍ ဖော်ကျူးရေးဖွဲ့ထားခဲ့သည်။

မြကန်သည် မြန်မာနိုင်ငံ ပုဂံဒေသရှိ ရှေးခေတ်ရေကန်တစ်ကန်ဖြစ်ပြီး တုရင်တောင် အနောက်ဘက်တွင် တည်ရှိပါသည်။ ထိုမြကန်အား ထီးလှိုင်ရှင် ကျန်စစ်သားမင်းကြီးကိုယ်တိုင် ဦးဆောင်၍ ပုဂံသူ၊ ပုဂံသားတို့၏ စုပေါင်းအင်အားဖြင့် စီမံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မြကန်၏ မူလအမည်မှာ မဟာနိဗ္ဗာန လက်ဆွဲချီရေ (မဟာနိဗ္ဗာန်လက်ဆွဲချီကန်)ဟု ကျောက်စာများ၌ တွေ့ရပါသည်။ မြကန်သည် ပိုက်လှမ်းတောင်အား တာတမံအရန်အတားမျိုး ပိတ်ဆို့ကာဆီး၍ စီမံထားသည့် တစ်ဖက်ဆည်ကန်ဖြစ်ပြီး မြကန်ကို အမရကန်ဟုလည်း ခေါ်ကြသည်။(မ–မရဏ)သေခြင်းမရှိသော ဟူ၍လည်း အနက်အဓိပ္ပာယ် ဖွင့်ဆိုကြပြန်သည်။

သက္ကရာဇ် ၅၉၈ ခုနှစ်တွင် ပုဂံကျစွာမင်းကြီးက မြကန်ကို ပြန်လည်၍ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ မြကန်အနီးတွင် ကျစွာမင်းကြီး၏ သမီးတော် သံပျင်မင်းသမီး ကောင်းမှုတော် ဘုရားစေတီတော်တစ်ဆူလည်းရှိသည်။ မြကန်သည် ပုဂံခေတ်တွင် ဆောက်လုပ်ခဲ့သည့် ရေသိုလှောင်ကန်ကြီးကို ခေါ်ဆိုခြင်းဖြစ်ပြီး လယ်ယာသုံးရေရရှိရေး၊ သောက်သုံးရေရရှိရေး၊ ဘုရားကျောင်း၊ သံဃာတော်များ အသုံးပြုရေးတို့အတွက် အဓိကအခန်းကဏ္ဍမှ ထမ်းဆောင်ခဲ့သည်။ “မြ”ဟူသော စကားလုံးသည် တန်ဖိုးရှိခြင်း၊ အသက်သွေးကြောဖြစ်ခြင်းကို အဓိပ္ပာယ်ရပြီး မြကန်သည် ပုဂံ၏ အသက်သွေးကြောဟု ဆိုနိုင်သည်။

မြကန်ကို နေရာရွေးချယ်ရာတွင် တောင်စောင်းအောက်ခြေရှိ သဘာဝရေစီးလမ်းကြောင်းများ ဆုံရာနေရာ၊ ရေစီးဝင်လွယ်၊ ထွက်လွယ်ရှိသော နေရာတွင် ရွေးချယ်တည်ဆောက်ခဲ့သည်။ ဤသည်မှာ သဘာဝပတ်ဝန်းကျင်ကို နက်နဲစွာ နားလည်ထားကြောင်း ပြသနေသည်။ မြကန်၏ မြေသားတမံဆောက်လုပ်ရာတွင် မြေကို အလွှာလိုက် တင်းကျပ်အောင်စီမံ၍ ထုထည်မြင့်တင်ကာ ရေဖိအားကို ခံနိုင်ရည်ရှိစေရန် တမံအနားကျယ်အောင် ဒီဇိုင်းဆွဲတည်ဆောက်ထားခြင်းသည် ယနေ့ခေတ် မြေသားတမံ (Earth Dam) နည်းပညာ၏ အစောဆုံးပုံစံဟု သတ်မှတ်နိုင်သည်။

မြကန်၌ မိုးရာသီတွင် ရေဝင်ရန် ရေဝင်မြောင်း၊ ရေများလွန်းပါက တမံမပျက်စီးစေရန် ရေပိုလွှဲ၊ ရေလွှတ်ပေါက်နှင့် လယ်ယာသို့ ရေဖြန့်ဖြူးရန် ရေထုတ်ပေါက်များကို စနစ်တကျ ပြုလုပ်ထားသည်။ မြကန်သည် သီးခြားမတည်ရှိဘဲ မြောင်းကွန်ရက်နှင့် ချိတ်ဆက်မှုအဖြစ် အခြားကန်များ၊ ချောင်းများ၊ လယ်ယာမြောင်းများနှင့် ချိတ်ဆက်ထားသည့် ရေဖြန့်ဝေကွန်ရက်တစ်ခုအဖြစ် တည်ရှိခဲ့သည်။ မြကန်ကြောင့် မိုးနည်းသည့်ဒေသတွင်ပါ လယ်ယာအောင်မြင်လာ၍ ဆန်နှင့် အစားအစာများ အလုံအလောက်ရရှိခဲ့သည့်အပြင် လယ်ယာအထွက်တိုးတက်လာ၍ ပုဂံခေတ် စီးပွားရေးကောင်းမွန်လာခဲ့ပြီး အကျိုးဆက်အဖြစ် ဘုရားစေတီပုထိုးများ အလွန်များစွာ ဆောက်လုပ်လှူဒါန်းနိုင်သော စီးပွားရေးအင်အား ပေါ်ပေါက်လာခဲ့သည်။

မြကန်တည်ဆောက်ရေး စီမံခန့်ခွဲမှုအဖြစ် မြကန်ကို ဘုရင်အမိန့်ဖြင့် တိုင်းသူပြည်သားများ၏ စုပေါင်းအင်အားကိုအခြေခံ၍ ဆောက်လုပ်ခဲ့ပြီး ပြုပြင်ထိန်းသိမ်းရေးကို နိုင်ငံတော်နှင့် ရပ်ရွာလူထုတို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ မြကန်တည်ဆောက်ခြင်းကို ကုသိုလ်ကောင်းမှုကြီးအဖြစ် သတ်မှတ်ခဲ့သဖြင့် ဘာသာရေးနှင့် တိုင်းပြည်၏ တည်ငြိမ်သာယာဝပြောမှုကိုပါ အထောက်အကူပြုခဲ့ပါသည်။ သို့သော် နည်းပညာဆိုင်ရာ တွက်ချက်မှုများ ထွန်းကားခြင်းမရှိသည့် ကာလဖြစ်သည့်အလျောက် သဲနုန်းများ စုပုံလွယ်ခြင်း၊ ပြုပြင်ထိန်းသိမ်းမှုမလုပ်နိုင်ပါက ကန်အသုံးမဝင်ဖြစ်နိုင်ခြင်း၊ မိုးလွန်ကဲပါက တမံပျက်စီးနိုင်ခြင်း စသည့် အားနည်းချက်များရှိခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ ပုဂံခေတ် ရေရရှိရေးစနစ်နှင့် မြကန်သည် သဘာဝပတ်ဝန်းကျင်ကို နက်ရှိုင်းစွာ နားလည်ခြင်း၊ နည်းပညာကို လူမှုဘဝနှင့် ချိတ်ဆက်အသုံးချနိုင်ခြင်း၊ ရေကို အသက်သွေးကြောအဖြစ် သတ်မှတ်သော အမြင်ကျယ်ဝန်းမှုတို့၏ အထင်ကရသက်သေများဖြစ်သည်။ မြကန်ကြောင့်သာ ပုဂံသည် မိုးနည်းသည့်ဒေသအတွင်းတွင်ပင် အရှည်ကြာ တည်တံ့နိုင်ခဲ့ပြီး ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ကြီးတစ်ရပ်အဖြစ် ယနေ့ထိ ထင်ရှားနေဆဲ ဖြစ်ပါသည်။

**တမံများ၏အစ၊ ခေတ်သစ်တမံ နည်းပညာတိုးတက်လာမှုများ**

**တမံများ တည်ဆောက်ခြင်းကို ရေသိုလှောင်ရန်၊ ရေကြီးရေလျှံမှုကာကွယ်ရန်၊ သဲနုန်းဖမ်းထိန်းရန်၊ စိုက်ပျိုးရေပေးဝေရန်၊ သောက်သုံးရေဖြန့်ဖြူးရန်၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်နှင့် ရေမျက်နှာပြင်ထိန်းညှိ၍ ရေကြောင်းသွားလာရေး လွယ်ကူချောမွေ့စေရန် စသောရည်ရွယ်ချက်အမျိုးမျိုးဖြင့် ရည်ရွယ်တည်ဆောက်ကြလေ့ရှိသည်။ ဘီစီ၄၀၀ အစောပိုင်းခေတ်ဦးကတည်းက အာရှတိုင်းသားများ၏ မြေသားတမံတည်ဆောက်၍ ရေသိုလှောင်ခြင်းကို (ရှေးအခေါ် Ceylon မြို့) ယခုခေတ်အခေါ် သီရိလင်္ကာနိုင်ငံတွင် စတင်ကာ တည်ဆောက်အသုံးချခဲ့ကြပါသည်။ တမံတည်ဆောက်ခြင်းလုပ်ငန်းများ အသုံးဝင်တွင်ကျယ်လာသည်နှင့်အမျှ အေဒီ ၅ ရာစုအရောက်တွင် သီရိလင်္ကာနိုင်ငံသားများသည် တမံများကို မိုးများသည့်ကာလတွင် မိုးရေသိုလှောင်ရန်၊ စိုက်ပျိုးရေအသုံးပြုရန်နှင့် ရေသွင်းစိုက်ပျိုးရေး အသုံးပြုရန်ရည်ရွယ်၍ တမံအမျိုးမျိုးကို တည်ဆောက်လာခဲ့ကြပြီး ယနေ့တိုင် အသုံးပြုနေဆဲဖြစ်သည်။**

လူသားသမိုင်းတွင် အစောဆုံးတည်ဆောက်ခဲ့သော တမံ၏ တမံဆိုင်ရာ အထောက်အထားအကြွင်းအကျန်များကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၏ တောင်ဘက် ဝါဒီ အယ်လ် ဂါရာဝီ (Wadi–Al–Garawi) အရပ်တွင် ရှေးဟောင်းသုတေသနပညာရှင်များ ရှာဖွေတွေ့ရှိထားပါသည်။ နောက်ထပ် ရုပ်ဝတ္ထုသက်သေအနေဖြင့် (၁၃၁၉–၁၃၀၄) ဘီစီကာလတွင် အီဂျစ်ဘုရင် ဖာရိုဆက်သီ တည်ဆောက်ခဲ့သည့် ဆီးရီးယားနိုင်ငံ ဟွမ်မြို့အနီးရှိ ကွာတင်နာ(Quatinah) ရေလွှဲဆည်သည် ယနေ့ထက်တိုင် ဟွမ်မြို့ကို သောက်သုံးရေများ ဖြန့်ဖြူးပေးလျက်ရှိသည်။

ခေတ်ကာလရွှေ့စီးလာခြင်းနှင့်အတူ စက်မှုတော်လှန်ရေးခေတ်ကာလတွင် ရေသယံဇာတ အသုံးချမှုကို ပိုမိုထိရောက်စွာအသုံးချရန် ပြင်ဆင်လာကြသည်။ ဆန်းသစ်တီထွင်ဖန်တီးမှုများ အပြိုင်အဆိုင် ပေါ်ပေါက်လာသော ခေတ်တစ်ခေတ် ဆန်းသစ်လာသည်နှင့်အညီ ၁၈၈၂ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ဝယ်ကွန်စင်ပြည်နယ် အပလီတန်မြို့အနီး မြေခွေးမြစ်ပေါ်၌ တမံတစ်ခု တည်ဆောက်၍ ကမ္ဘာ့ပထမဆုံးသော ရေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံကို တည်ဆောက်ခဲ့ကြသည်။ ၁၈၉၆ ခုနှစ်၌ နိုင်ဂရာရေတံခွန်တွင် ရေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံကို ထပ်မံတည်ဆောက်ကာ နယူးယောက်မြို့ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။ ။

## သရက်မြို့၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စု လူဦးရေစာရင်း ကွင်းဆင်းဆောင်ရွက်

**သရက် ဧပြီ ၂၄**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်ဝင်းနှင့် ဝန်ထမ်းများက ယမန်နေ့နံနက်ပိုင်းတွင် အမှတ်(၃)ရပ်ကွက်နှင့် အမှတ်(၄)ရပ်ကွက်တို့တွင် အသက်(၁၀)နှစ်မှ (၁၈)နှစ်ကြား၊ အသက်(၁၈)နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ၊ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ မရှိသူများအား ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုများကို အမှတ်(၃)ရပ်ကွက်နှင့် အမှတ်(၄)ရပ်ကွက်တို့တွင် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ကယားပြည်နယ်ဝန်ကြီးချုပ် ဌာနဆိုင်ရာများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

**လွိုင်ကော် ဧပြီ ၂၄**

ကယားပြည်နယ်တွင် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၆)ကို ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်အစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအုံ့မော်၊ ပြည်နယ်ဝန်ကြီးများ၊ နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးရှေးရှု၍ လုပ်ငန်းများဆောင်ရွက်ရာတွင် စိတ်ထားမှန်ကန်ပြီး စိတ်ကောင်းစေတနာကောင်းများဖြင့် တက်ညီလက်ညီဆောင်ရွက်သွားကြရန်၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ကဏ္ဍများအပြင် လူငယ်လူရွယ်များ စိတ်ဓာတ်၊ စည်းကမ်းနှင့် ခံယူချက်များ တိုးတက်ကောင်းမွန်လာစေရေး ဆောင်ရွက်သွားရန်၊ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်းရည်မှန်းချက် တာဝန်များ ပေးအပ်ထားပြီးဖြစ်၍ ဌာနဆိုင်ရာများအနေဖြင့် မိမိတို့ဌာနအလိုက် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက အနီးကပ်ကြီးကြပ် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၂၆–၂၀၂၇ဘဏ္ဍာနှစ် အတွင်း ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့် ဌာနအလိုက် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ပြည်နယ် ဝန်ကြီးများက သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၆) အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**နေပြည်တော် ဧပြီ ၂၄**

ကမ္ဘာ့ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၆) အထိမ်းအမှတ်အခမ်းအနားကို ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက ယခုနှစ်အတွက် ဆောင်ပုဒ်မှာ "For Every Generation, Vaccines Work" ဖြစ်ပြီး မြန်မာဘာသာဖြင့် "မျိုးဆက်တိုင်းကို ကာကွယ်ထား၊ ကာကွယ်ဆေး၏ စွမ်းပကား" ဟု ဘာသာပြန်ဆိုထားပါကြောင်း၊ မြန်မာနိုင်ငံတွင် ကာကွယ်ဆေးထိုးလုပ်ငန်းကို ၁၈၈၉ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ကြောင်းမှတ်တမ်းများအရ သိရှိရပြီး ယခုအခါ ရောဂါ ၁၃ မျိုးကို ကာကွယ်သောကာကွယ်ဆေးများကို ကမ္ဘာ့နိုင်ငံများနည်းတူ တိုးချဲ့ထိုးနှံပေးလျက်ရှိပြီး မျိုးဆက်တိုင်းကို ကာကွယ်ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ကာကွယ်ဆေးထိုးလွှမ်းခြုံမှုကို ဆန်းစစ်ရာတွင် ၂၀၂၁ ခုနှစ်၌ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ကာကွယ်ဆေးများ၏ လွှမ်းခြုံမှုအခြေအနေမှာ ၅၀ ရာခိုင်နှုန်းအောက်သာ ရရှိခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ကာကွယ်ဆေးများ၏လွှမ်းခြုံမှုရာခိုင်နှုန်းမှာ ၈၀ ရာခိုင်နှုန်းအထက် ရောက်ရှိခဲ့ပြီးဖြစ်သည့်အတွက် လွှမ်းခြုံမှုရာခိုင်နှုန်းများ ပြန်လည်တိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတော်သမ္မတ၏ ရက်ပေါင်း (၁၀၀) စီမံချက်ကာလအတွင်း ကာကွယ်ဆေးထိုးလုပ်ငန်းပါရှိပြီး ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းကို ဦးစားပေးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော မန္တလေးငလျင်ကြီးအပြီး ခုနစ်ရက်အတွင်းတွင် ထိခိုက်ဒဏ်ရာရရှိသူများ၊ ကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းနှင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ဟန့်တားကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ ကလေးမိဘများက အားကောင်းစွာပူးပေါင်း၍ ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိခြင်းကြောင့် မြန်မာနိုင်ငံတွင် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ outbreak သဖွယ်အစုလိုက် ဖြစ်ပွားမှုမရှိပါကြောင်း၊ နိုင်ငံတော်မှလည်း ကာကွယ်ဆေးနှင့်ဆက်စပ်ပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် နိုင်ငံတော်ရန်ပုံငွေမှ အလုံးစုံကျခံ၍ ဝယ်ယူသည့်နည်းလမ်း (Self-financing)၊ နိုင်ငံတော်နှင့် GAVI တို့ အချိုးကျထည့်ဝင်၍ ဝယ်ယူသည့်နည်းလမ်း (Co-financing) တို့ဖြင့် နှစ်စဉ် နိုင်ငံပိုင်နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၁၀ သန်းခန့်အထိ ကျခံသုံးစွဲလျက်ရှိပြီး ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးမှု မှတ်တမ်းတင် Documentary Story ပြသခြင်း၊ "မျိုးဆက်တိုင်းကို ကာကွယ်ထား၊ ကာကွယ်ဆေး၏ စွမ်းပကား" တေးသီချင်း ဗီဒီယိုပြသခြင်းနှင့် တက်ရောက်လာသူများက ပြခန်းငယ်အား လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ကြသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၊ ကျန်းမာရေးနှင့် ရောဂါနှိမ်နင်းရေးတပ်တို့မှတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုစုပေါင်း ၁၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ရခိုင်ပြည်နယ်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက် တာဝန်ပေးအပ်ပွဲ တက်ရောက်




**စစ်တွေ ဧပြီ ၂၄**

ရခိုင်ပြည်နယ်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက် တာဝန်ပေးအပ်ပွဲနှင့် ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို ယမန်နေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးနိုင်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ ဒေသန္တရစီမံကိန်း ရည်မှန်းချက်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားရမည် ဖြစ်ကြောင်းနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး၊ ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့် မရှိစေရေးတို့ကို အလေးထားကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က စီမံကိန်းရည်မှန်းချက် တာဝန်များပေးအပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် အဆိုပါအစည်းအဝေးခန်းမ၌ ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က စီမံကိန်းများရေးဆွဲရာတွင် လက်ငင်း၊ ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများ၊ သတ်မှတ်ထားသော အခွန်အခများအား ပြည့်ပြည့်ဝဝ စည်းကြပ်ကောက်ခံ ရရှိနိုင်ရေး၊ တောင်သူများအတွက် မိုးရာသီ အချိန်မီ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးနိုင်ရေး၊ ကျောင်းနေအရွယ် ကလေးငယ်များ ကျောင်းတက်ရောက်နိုင်ရေး၊ ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များ ဖြစ်စေရေးအတွက် လူငယ်နှင့် အားကစားကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စသည့်ကဏ္ဍများကို ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် မဒေးကျွန်းပေါ်ရှိ ကျောက်တန်း(၁)၊ ကျောက်တန်း(၂) ရေလှောင်တမံများ တည်ဆောက်နေမှုနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ကျောက်ဖြူမြို့နယ် မဒေးကျွန်းပေါ်ရှိ ကျောက်တန်း(၁)၊ (၂) ရေလှောင်တမံများ တည်ဆောက်မည့်နေရာတွင် ပါဝင်သည့် လယ်မြေ၊ ဥယျာဉ်မြေများအတွက် လျော်ကြေး နစ်နာကြေး ပေးလျော်ခဲ့ပြီးဖြစ်၍ ရေလှောင်တမံစီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း ပြောကြားပြီး ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြည့်စွက် ဆွေးနွေးကြကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘက်စုံသုံးဆိပ်ကမ်းသို့ သွားရောက်၍ ရန်ကုန်မြို့မှ စစ်တွေမြို့သို့ MV ရွှေဒေဝီ သင်္ဘောဖြင့် ရောက်ရှိလာသော စိုက်ပျိုးရေးရှိရန် အသုံးပြုမည့် ဆိုလာများ အတင်အချပြုလုပ်နေမှု၊ ဆန်နှင့် အခြေခံစားသောက်ကုန်များ အတင်အချပြုလုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စစ်တွေမြို့ကမ်းနားလမ်း၌ ပြည်သူများ အပန်းဖြေအနားယူနိုင်ရန် မြေယာရှုခင်းများ ပြုလုပ်နေမှု၊ ခဝါသည်ချောင်း တူးဖော်ပြီးစီးနေမှုနှင့် ခဝါသည်ချောင်းအတွင်း ရေချိုသိုလှောင်၍ စစ်တွေမြို့ စိမ်းလန်းစိုပြည်ရေးနှင့် နွေရာသီရေအခက်အခဲ လျော့ချနိုင်ရေး ဆောင်ရွက်နိုင်မည့် အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# သာယာဝတီမြို့၌ အပူဒဏ်ကာကွယ်ရေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

**သာယာဝတီ ဧပြီ ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ အပူဒဏ်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက သာယာဝတီမြို့မဈေး၌ ဆောင်ရွက်သည်။

**ဖြန့်ဝေ**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ရှောင်ကြဉ်ရန်အချက်များ၊ သတိပြုရမည့်အပူဒဏ်အန္တရာယ်များ၊ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းနှင့် သတိလစ်ခြင်းလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသနိုင်ရေးတို့ကို အသိပညာပေးပြီး အပူဒဏ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များကို ဈေးရောင်းဈေးဝယ်ပြည်သူများနှင့် လမ်းသွားလမ်းလာပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာဓာတ်ခွဲခန်း တည်ဆောက်ခြင်းစီမံကိန်း(ပထမအဆင့်) စီမံကိန်းဖွင့်ပွဲကျင်းပ




နေပြည်တော် မေ ၂၄

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၅)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာ ဓာတ်ခွဲခန်း တည်ဆောက်ခြင်းစီမံကိန်း(ပထမအဆင့်)၏ စီမံကိန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ကျင်းပသည်။

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဆန်းဦး၊ ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်ဦးနှင့် ဦးခင်လတ်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာ ဓာတ်ခွဲခန်း တည်ဆောက်ခြင်းစီမံကိန်း (ပထမအဆင့်) သည် မြန်မာနိုင်ငံမှ မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၅)ဖြင့် အကောင်အထည်ဖော် သည့် စီမံကိန်းဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု များကို ကာကွယ်နိုင်ရန်၊ လေထု၊ ရေထု၊ မြေထု အရည်အသွေးများကို ဆန်းစစ်အကဲဖြတ်နိုင်ရန်၊ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်တင် ပေးနိုင်ရန်နှင့် အမျိုးသား ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများ ရေးဆွဲသတ်မှတ်နိုင်ရေး အခြေခံ အချက်အလက်များ စုဆောင်းနိုင်ရန် ရည်ရွယ်ပြီး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း။

ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင် အခြေ အနေအဖြစ် ထိန်းသိမ်းနိုင်ရန်အတွက် ကိန်းဂဏန်း အချက်အလက် အထောက်အထားများအပေါ် အခြေခံပြီး စနစ်တကျ လေ့လာဆန်းစစ်နိုင်ရေး အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ဓာတ်ခွဲခန်း တည်ဆောက်ရန် မဖြစ်မနေလိုအပ်ကြောင်း၊ အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာ ဓာတ်ခွဲခန်း တည်ဆောက်ခြင်း စီမံကိန်းသည် မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

စီမံကိန်း၏ ဒုတိယအဆင့်နှင့် တတိယအဆင့် များကိုလည်း သတ်မှတ်ကာလများအတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယခုစီမံကိန်းကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင် ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီထောက်ပံ့ပေး ခဲ့ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၊ မြန်မာ နိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် သက်ဆိုင် ရာ တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်ရှိ ကြောင်း ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Minister Counsellor Dr. Zheng Znhongr (ဒေါက်တာ ကျန့်ကျစ်ဟုန်)နှင့် မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်မိုးတို့က အမှာစကားပြောကြားကြ ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်၍ မြို့ပြသန့်ရှင်းသာယာလှပစေရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ



ပဲခူး မေ ၂၄

မြို့ပြ သန့်ရှင်းသာယာလှပစေ ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင် ဟံသာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီး ချုပ် ဦးမျိုးဆွေဝင်းက မြို့ပြ သန့်ရှင်းသာယာလှပစေရေးနှင့် မြို့ပြဖွံ့ဖြိုးရေး လုပ်ငန်းများကို အခွန်အကောက် ရငွေများဖြင့်သာ ဆောင်ရွက်ရသဖြင့် ရသင့်ရထိုက် သည့် အခွန်အခများရရှိရေးနှင့် အခွန်ပုန်း အခွန်ရှောင်များကို ဖော်ထုတ်၍ အခွန်ထမ်းအသစ်များ ရရှိရေးဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ပြည်သူလူထု၏ အခွန်ငွေဖြင့် ရပ်တည်သည့် ဌာန တစ်ခုဖြစ်သည်နှင့်အညီ ထိုက်တန် သည့်ဝန်ဆောင်မှုကို ပြန်လည် ပေးသွားရမည်ဖြစ်ကြောင်း၊ မြို့နယ် နှင့် မြို့များတွင် Public Area အပန်းဖြေပန်းခြံများ တည်ဆောက် ပေးသွားမည်ဖြစ်ပြီး တည်ရှိ ပြီးသား ပန်းခြံများကိုလည်း အဆင့်မြှင့်တင် ပေးသွားမည်ဖြစ် ကြောင်း၊ မြို့ပြများအား Clean City Green City ဖြစ်စေရေး ရည်မှန်း ဆောင်ရွက်သွားကြရ မည်ဖြစ်ကြောင်း၊ စိမ်းလန်း စိုပြည်စေရေးနှင့် ပန်းရောင်စုံ ဖူးပွင့်စေရေးတို့အတွက် မြို့နယ် အလိုက် ပျိုးဥယျာဉ်များ ဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ မိုးရာသီ မရောက်မီ မြို့တွင်းရေမြောင်းများ ပိတ်ဆို့မှုမရှိစေရေး ကြိုတင် ဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ စည်ပင်ပိုင်ဈေးများအတွင်း လူနေ ဆိုင်ခန်းများ မရှိစေရေးနှင့် မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေး အလေးထား ဆောင်ရွက်သွားရ မည်ဖြစ်ကြောင်း၊ မြို့ပြတစ်ခု၏ သန့်ရှင်းသာယာလှပရေးသည် စည်ပင်သာယာ၏ ပုံရိပ်ဖြစ်၍ မိမိတို့ဌာန၏ပုံရိပ် ကောင်းမွန်စေ ရေး ကြိုးစားဆောင်ရွက်သွားရန် နှင့် ရက်(၁၀၀)အတွင်း ဆောင်ရွက် မည့် လုပ်ငန်းစဉ်များသည် ပြည်သူ လူထုသို့ တိုက်ရိုက်အကျိုးရှိသည့် လုပ်ငန်းများဖြစ်စေရေး ဆောင်ရွက် သွားရန် မှာကြားသည်။

ထို့နောက် တက်ရောက်လာ သည့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ တာဝန်ရှိသူများက ပန်းခြံ လိုအပ်သည့် မြို့နယ်များနှင့် မြို့များအလိုက်ပန်းခြံတည်ဆောက် မည့် လျာထားမြေနေရာနှင့် ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက် သွားမည့် မြို့ပြသန့်ရှင်းသာယာ လှပစေရေး လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီးက တင်ပြချက်များနှင့် ပတ်သက်၍ သုံးသပ်အကြံပြု တင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြို့နယ် တစ်ခုချင်းအလိုက် မြို့ပြသန့်ရှင်း သာယာလှပစေရေး လိုအပ်သည်များ ဖြည့်စွက် မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လေးမျက်နှာမြို့နယ်၌ အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

လေးမျက်နှာ မေ ၂၄

ဧရာဝတီတိုင်း ဒေသကြီး လေးမျက်နှာ မြို့နယ်တွင် အစိုးရသစ်၏ ရက်(၁၀၀) စီမံချက် ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းကို ယနေ့နံနက် ပိုင်းက အိုင်သပြုကျေးရွာ ရှမ်းဘုရား ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ကွင်းဆင်းဆောင်ရွက် ပေးသည်။



**ဆောင်ရွက်**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန မြို့နယ် ဦးစီးအရာရှိ ဦးလော်ရမ်း၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများက အသက်(၁၀) နှစ်ပြည့်၊ (၁၈)နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ် အသစ်ပြုလုပ်လို သည့် ကျောင်းသား ကျောင်းသူ များအား လိုအပ်သည့် အချက် အလက်၊ အထောက်အထားများ ဖြည့်စွက်ကာ စိစစ်ထုတ်ပေးခဲ့ပြီး ဇီဝဆိုင်ရာ အချက်အလက် ကောက်ယူခြင်း လုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ပေးသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက် နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင် ဦးစီးမှူး ဦးအောင်ဇင်ဝင်းနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**

# သာကေတမြို့နယ်၌ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)အဖွဲ့ဝင်များအား စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်



ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်း ဒေသကြီး သာကေတမြို့နယ်တွင် အလုပ် သမားရေးရာ လုပ်ငန်းညှိနှိုင်းရေး ကော်မတီ(WCC) အဖွဲ့ဝင်များ အား စွမ်းရည်မြှင့်သင်တန်းကို သာကေတစက်မှုဇုန် စီမံခန့်ခွဲမှု ကော်မတီရုံးခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ အလုပ်သမားရေးရာ ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးသိန်းမင်းထွန်းက အမှာစကား ပြောကြားသည်။ ဆက်လက်၍ အလုပ်သမား ညွှန်ကြားရေးဦးစီး ဌာနမှ မြို့နယ်တာဝန်ခံအရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင်လှလှနွယ်နှင့် တာဝန်ရှိသူ များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်း ပြောကြားသည်။ ယင်းနောက် အလုပ်သမားရေးရာ ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဟန်ထွဋ်က ၂၀၁၂ ခုနှစ် အလုပ် သမားရေးရာ အငြင်းပွားမှုဖြေရှင်း ရေးဥပဒေ၊ နည်းဥပဒေများ၊ အငြင်းပွားမှုဖြေရှင်းခြင်း နည်းလမ်း များကို စာတွေ့၊ လက်တွေ့ ပို့ချ ရှင်းလင်းခဲ့သည်။

အဆိုပါ သင်တန်းကို စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ မှ အလုပ်သမားရေးရာ လုပ်ငန်း ညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင် သင်တန်းသား သင်တန်းသူ ၄၅ ဦး တက်ရောက်ခဲ့ကြောင်း သိရ သည်။ **ကျော်ကျော်(ပြန်/ဆက်)**

☆ ကျောဖုံးမှ

တပ်မတော်သားများကို ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာအားပေးထောက်ခံမှု၊ ယုံကြည်အားကိုးမှု၊ တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်လာခဲ့မှုများကြောင့် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့် စိတ်ဓာတ်ကျဆင်းကာ ဆက်လက် ခုခံလိုခြင်းမရှိတော့သည့်အတွက် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ အမြင်မှန်ရရှိကာ အေးချမ်းစွာနေထိုင်လိုကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် နီးစပ်ရာတပ်စခန်းများရှိ တာဝန်ရှိသူများထံ သတင်းပို့၍ ဥပဒေဘောင်အတွင်းသို့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပြန်လည်ဝင်ရောက်လျက်ရှိရာ သက်ဆိုင်ရာနယ်မြေများအလိုက် တာဝန်ရှိသူများက ကြိုဆိုလက်ခံခဲ့ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများ၊ ၎င်းတို့၏ မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် လက်နက်မျိုးစုံ ၃၁ လက်နှင့် လက်ပစ်ဗုံး/ဗုံးသီး ၄၈ လုံး၊ စကားပြောစက်တစ်လုံး၊ ကျည်အိမ်မျိုးစုံ ၃၅ ခု၊ ကျည်မျိုးစုံ ၁၂၉၈ တောင့်၊ မိုင်းမျိုးစုံ သုံးလုံးတို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန် ရိုင်ဖယ်သေနတ်တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်း၊ လက်လုပ်သေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ် ငါးသိန်း နှုန်း၊ လက်ပစ်ဗုံး/ ဗုံးသီး တစ်လုံးစီအတွက် ဆုကြေးငွေကျပ် သုံးသိန်းနှုန်း၊ စကားပြောစက်တစ်လုံးအတွက် ဆုကြေးငွေကျပ် နှစ်သိန်းနှုန်းနှင့် အလင်းဝင်ရောက်လာသူများအား တစ်ဦးလျှင်ငွေကျပ် တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၇၁၂ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသူများအား ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးခဲ့ကြသည်။

### တည်ခင်းဧည့်ခံ

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများက အပ်နှံထားသော လက်နက်ခဲယမ်းများအား ကြည့်ရှုစစ်ဆေးပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကာ စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့ အခမ်းအနားတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်မှ အမျိုးသား ၅၈ ဦး၊ အမျိုးသမီး ငါးဦး၊ ချမ်းအေးသာစံမြို့နယ်မှ အမျိုးသားလေးဦး၊ ချမ်းမြသာစည်မြို့နယ်မှ အမျိုးသားနှစ်ဦး၊ ပြည်ကြီးတံခွန်မြို့နယ်မှ အမျိုးသား တစ်ဦး၊ အမရပူရမြို့နယ်မှ အမျိုးသားရှစ်ဦး၊ အမျိုးသမီးသုံးဦး၊ ပုသိမ်ကြီးမြို့နယ်မှ အမျိုးသား လေးဦး၊ အမျိုးသမီးတစ်ဦး၊ ကျောက်ဆည်မြို့နယ်မှ အမျိုးသား ၁၁ ဦး၊ အမျိုးသမီးသုံးဦး၊ မြစ်သားမြို့နယ်မှ အမျိုးသားတစ်ဦး၊ တံတားဦးမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပြင်ဦးလွင်မြို့နယ်မှ အမျိုးသား နှစ်ဦး၊ နောင်ချိုမြို့နယ်မှ အမျိုးသား လေးဦး၊ မတ္တရာမြို့နယ်မှ အမျိုးသား ၁၁၈ ဦး၊ အမျိုးသမီး ကိုးဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး တစ်ဦး၊ စဉ့်ကူးမြို့နယ်မှ အမျိုးသား ၁၃၈ ဦး၊ အမျိုးသမီး ၁၅ ဦး၊ မိုးကုတ်မြို့နယ်မှ အမျိုးသား ၂၂ ဦး၊ အမျိုးသမီးလေးဦး၊ မိုးမိတ်မြို့နယ်မှ အမျိုးသား ၁၃ ဦး၊ ကျောက်ပန်းတောင်းမြို့နယ်မှ အမျိုးသား လေးဦး၊ မြင်းခြံမြို့နယ်မှ အမျိုးသား ကိုးဦး၊ အမျိုးသမီး လေးဦး၊ ညောင်ဦးမြို့နယ်မှ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး တစ်ဦး၊ ချောက်မြို့နယ်မှ အမျိုးသား သုံးဦး၊ ဆိပ်ဖြူမြို့နယ်မှ အမျိုးသား တစ်ဦး၊ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်မှ အမျိုးသား ရှစ်ဦး၊ စလင်းမြို့နယ်မှ အမျိုးသား သုံးဦး၊ အမျိုးသမီး တစ်ဦး၊ မင်းလှမြို့နယ်မှ အမျိုးသား နှစ်ဦး၊ မင်းတုန်းမြို့နယ်မှ အမျိုးသား ရှစ်ဦး၊ ပခုက္ကူမြို့နယ်မှ အမျိုးသား ၁၄ ဦး၊ ရေနံချောင်းမြို့နယ်မှ အမျိုးသား တစ်ဦး စုစုပေါင်း အမျိုးသား ၄၇၀ နှင့် အမျိုးသမီး ၄၇ ဦး ပေါင်း ၅၁၇ ဦးဖြစ်သည်။



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင် ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသူများအား ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်အများစုသည် မိသားစုဝင် ဆွေမျိုးများအား ခြိမ်းခြောက်အကြပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်မှု မရှိတော့ဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်း တို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်–



၁။ MDY–PDF တွေ ကျွန်တော်တို့ သပိတ်ကျင်းမြို့နယ်ထဲ ဝင်ရောက်လာတဲ့အခါမှာ တစ်အိမ်တစ်ယောက်အနေနဲ့ မဖြစ်မနေ ဝင်ရမယ့်စနစ်လို့ သူတို့ပြောတယ်။ ပြောတဲ့အခါမှာ ကျွန်တော်တို့ တကယ်လို့မဝင်ရင် မိသားစုတွေကို အန္တရာယ်ပေးမယ် ဒုက္ခပေးမယ်ဆိုလို့ ကျွန်တော်တို့ဝင်ခဲ့ရပါတယ်။ ရောက်တဲ့အချိန်မှာ သင်တန်းကာလမှာ ကျွန်တော်တို့ကို ငှက်ပျောတောဆိုတဲ့ နေရာကို ပို့ပါတယ်။ ငှက်ပျောတောကနေပြီးတော့ သတ္တုတွင်းဆိုတဲ့နေရာကို ပို့ပါတယ်။ သတ္တုတွင်းကနေပြီးတော့ ရှမ်း(မြောက်)ကို ရောက်ပါတယ်။ ကျွန်တော်တို့ရတဲ့ ပိုက်ဆံတွေကိုလည်း အထက်အရာရှိကို ပြန်ပေးဆောင်ရတာ ဖြစ်ပါတယ်။ ဒါပေမဲ့သူတို့က ပြည်သူတွေအတွက် သုံးတာမတွေ့ရပါဘူး။ သူတို့ ကိုယ်ကျိုးကောင်းစားဖို့အတွက်ပဲ သုံးတာတွေကို ကျွန်တော်တို့ တွေ့ရှိခဲ့ပါတယ်။ တချို့ ညီငယ် ညီမငယ်တွေကိုလည်း ရောင်းစားတာတွေလည်းရှိတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဒီစနစ်ကို မကြိုက်လို့ ဒီမှာလည်းမနေချင်လို့ ထွက်ပြေးခဲ့တာလည်းဖြစ်ပါတယ်။ အဖွဲ့အစည်းကနေ ထွက်ပြေးလာတဲ့အချိန်မှာ အခုတပ်မတော်ထံမှာ အလင်းလာဝင်တာပဲ ဖြစ်ပါတယ်။ တပ်မတော်ထံမှာ အလင်းလာဝင်တဲ့အချိန်မှာလည်း တပ်မတော်က နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေးအားလုံး အဆင်ပြေအောင် လုပ်ပေးပါတယ်။ ညီအစ်ကိုလိုပဲ အားလုံးကို ဆက်ဆံပါတယ်။ အဖွဲ့ထဲမှာ ကျန်ခဲ့တာ ညီအစ်ကိုမောင်နှမတွေ သူငယ်ချင်းတွေလည်း တပ်မတော်ထံမှာ အလင်းလာဝင်ဖို့ ဖိတ်ခေါ်ပါတယ်။



၂။ ဒီအဖွဲ့အစည်းထဲရောက်သွားရတာကတော့ အိမ်နဲ့အဆင်မပြေတာနဲ့ သူငယ်ချင်းတွေဆီသွားရင်းနဲ့ သူငယ်ချင်းတွေက သူတို့နဲ့လိုက်ခဲ့ ဟိုမှာလုပ်ငန်းအဆင်ပြေတယ်ပေါ့။ အစစအရာရာ အဆင်ပြေတယ်ဆိုပြီး ခေါ်သွားတယ်။ ဟိုမှာအကြမ်းဖက်တွေဆီ ရောက်သွားတယ်။ အဲဒီလိုမျိုးခေါ်သွားမယ်လို့လည်း မသိဘူး။ လုပ်ငန်းကောင်းတယ်ဆိုပြီး ခေါ်သွားပြီး ဒီအကြမ်းဖက်ထဲမှာပဲ နေခိုင်းတယ်။ နေခိုင်းပြီးတော့ မနေရင် နင်တို့ကို တစ်ခုခုလုပ်မှာ ငါတို့ ပွိုင့်နေရာတွေသိသွားပြီဆိုတော့ ကျွန်တော်တို့ကို မပြန်ခိုင်းဘူး။ မပြန်ခိုင်းဘဲနဲ့ သင်တန်းတစ်လလောက် ပေးတယ်။ သင်တန်းမှာလည်း ထမင်းနပ်မှန်အောင်လဲ မစားခဲ့ရဘူး။ သင်တန်းပြီးတော့ ရွှေဘိုမှာ တာဝန်ကျတယ်။ ကျွန်တော်တို့ကို နောက်တန်းမှာထားတယ်။ ရှေ့တန်းက ထိခိုက်ဒဏ်ရာရသူတွေနဲ့ ထားတယ်။ ထိခိုက်ဒဏ်ရာရသူတွေကို ထမင်းချက်ကျွေးရတယ်။ သူတို့ရဲ့ ဝေယျာဝစ္စတွေ လုပ်ခဲ့ရတယ်။ ပြည်သူတွေဆီက လက်နက်ခဲယမ်းဖိုး တစ်နေ့ကို သိန်း ၂၀၀ လောက်ကောက်တယ်။ အလှူငွေရတယ်။ ဘာလုပ်လဲဆိုတော့ သူတို့ကောင်းစားဖို့ သူတို့ မိသားစုအတွက်ပဲ လုံးပန်းတယ်။ နောက်တန်းက ရဲဘော်တွေကို တစ်ယောက်မှ လှည့်မကြည့်ခဲ့ဘူး။ ကျွန်တော်တို့ဆို ထမင်းငတ်တဲ့နေ့တွေလည်းရှိတယ်။ ထမင်းပုံမှန်မစားခဲ့ရဘူး။ ရှေ့တန်းက ထိလာတဲ့ ရဲဘော်တွေလည်း အများကြီးပဲ။ သူတို့ဆိုလည်း ကျန်းမာရေး မကောင်းရင်တောင်မှ သူတို့ဘာသာသူတို့ ပေတေနေခဲ့ရသူတွေ လည်းရှိတယ်။ ဒါပေမဲ့ သူတို့က လုံးဝ(လုံးဝ) လှည့်မကြည့်ခဲ့ဘူး။ သူတို့ကျတော့ ကားအကောင်းစားကြီးတွေ စီးတယ်။ သူတို့ မိသားစုတွေနဲ့ သွားလာပျော်ပါးတယ်။ အဲဒီလိုတွေရှိတယ်။ ကျွန်တော်တို့ဖြစ်ချင်တဲ့ ဆန္ဒလည်း မပေးဘူး။ အခွင့်အရေးဆိုတာလည်း မရှိခဲ့ဘူး။ မိဘကအဆင်မပြေလို့ ထောက်ပံ့ချင်ရင်တောင်မှ သူတို့က မပေးဘူး။ ထိခိုက်ဒဏ်ရာ ရနေသူတွေကို စောင့်ရှောက်ခိုင်းတယ်။ သူတို့ကိုယ်တိုင်လည်း လုပ်မပေးဘူး။ ပြီးရင်ဆေးဝါးတွေလည်း မပြည့်စုံဘူး။ ကျွန်တော်တို့နဲ့ပဲ ပစ်ထားတယ်။ သူတို့သွားချင်ရာသွားတယ်။ တစ်ခါတလေမှ ကျွန်တော်တို့ဆီလာတယ်။ လာပြီးတော့လည်း ဆူငေါက်သွားတယ်။ အာဏာတွေသုံးပြီးတော့ ကောင်းမလေးနှစ်ယောက်၊ ကျွန်တော်တို့ထဲကပဲ မိဘတွေကလည်း ကျန်းမာရေးချို့တဲ့၊ အိမ်နဲ့လည်း မဆက်သွယ်ခိုင်းဘူး။ ဖုန်းတွေလည်း သိမ်းထားတယ်။ သူတို့က ထွက်ပြေးတယ်။ ထွက်ပြေးတဲ့အချိန် သူတို့ နှစ်ယောက်ပြန်မိလာတယ်။ မိလာတော့ ညှဉ်းပန်းနှိပ်စက်တယ်။ ဗိုက်ကြီးသည်ကိုလည်း ဗိုက်ကြီးသည်မို့ မညှာဘူး ညှဉ်းပန်းနှိပ်စက်တယ်။ ညှဉ်းပန်းနှိပ်စက်ပြီးတော့ သူတို့ကို ထောင်ထဲထည့်တယ်။ ထောင်ထဲ ထည့်တော့လည်း၊ ထောင်ထဲမှာလည်း သူတို့ မကျေနပ်မချင်း သူတို့ကိုရိုက်တယ်။ အဲဒါ ကျွန်တော်ကလည်း သူတို့ အကြမ်းဖက် နှိပ်စက်မှုတွေကို မခံနိုင်လို့ ကျွန်တော်လည်း ဒီဘက်ကို အလင်းဝင်လာတဲ့ သူငယ်ချင်းတွေနဲ့ ချိတ်ဆက်ပြီးတော့ တပ်မတော်မှာလာပြီး အလင်းဝင်ရောက်ခဲ့ပါတယ်။ ကျွန်တော့်လိုမျိုး အသက်မပြည့်သေးတဲ့ ညီငယ် ညီမငယ်တွေလည်း အဖွဲ့အစည်းထဲမှာ ကျန်နေပါသေးတယ်။ သူတို့လည်း ကျွန်တော်တို့လိုပဲ အလင်းဝင်ချင်ပါတယ်။ သူတို့လေးတွေ အလင်းဝင်နိုင်ဖို့အတွက် သက်ဆိုင်ရာ လူကြီးမင်းတွေကိုလည်း အကူအညီတောင်းချင်ပါတယ်။ သမီးလည်း နောက်နောင် ဒီအကြမ်းဖက်အဖွဲ့အစည်းတွေနဲ့ မပတ်သက်တော့ပါဘူးလို့ကတိပေးပါတယ်။ စာမျက်နှာ ၁၁ သို့ ☆

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တွေ့ဆုံအားပေး



နေပြည်တော် ဧပြီ ၂၄

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၄)သို့ တက်ရောက်ကြမည့် တနင်္သာရီတိုင်းဒေသကြီး အတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့ နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက မြိတ်မြို့ရှိ နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၄)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

☆ စာမျက်နှာ ၁၀ မှ

၃။ ကျွန်တော်တို့အဲဒီအဖွဲ့အစည်းထဲရောက်သွားတဲ့ အကြောင်းရင်းကတော့ ကျွန်တော်တို့မြို့ကို သိမ်းပြီးတော့ ကျွန်တော်တို့ကို TNLA ကနေ စစ်မှုထမ်းခေါ်တယ်။ စစ်မှုထမ်းခေါ်တဲ့အချိန်ကျတော့ မဖြစ်မနေစစ်မှုထမ်းရမယ်။ အဲဒီလိုပြောတဲ့အချိန်မှာ ကျွန်တော်တို့ကလည်း ရှင်းရှင်းပြောရရင် စစ်မှုမထမ်းချင်ဘူး။ အဲဒီအချိန်မှာ ကျွန်တော်တို့ကို ပကဖအဖွဲ့အစည်းကနေ ဒီအဖွဲ့အစည်းထဲဝင်လာခဲ့ပါ။ ဒီအဖွဲ့အစည်းထဲဝင်ပြီးသွားရင် မင်းတို့ကို စစ်မှုလည်း မထမ်းခိုင်းတော့ဘူး။ မင်းတို့ထွက်ချင်တဲ့အချိန် ပြန်ထွက်လို့




ရတယ်ဆိုပြီးတော့ ကျွန်တော်တို့ကိုအယုံသွင်းပြီး လိမ်ခေါ်လာခဲ့တယ်။ ကျွန်တော်တို့ ပြန်ထွက်မယ်ပြောတော့သူတို့ကပေးလည်း မထွက်တော့ပါဘူး။ ထွက်ချင်ရင် တစ်ယောက် ၁၀ သိန်းပေးရမယ်ဆိုပြီး ပြောပါတယ်။ သင်တန်းကို သုံးလခွဲ တက်ရပါတယ်။ သင်တန်းတက်တဲ့ အချိန်မှာ တောထဲတောင်ထဲမှာ ဆိုတော့ အနေဆင်းရဲတယ်။ စားတဲ့အခါကျတော့လည်း ထမင်းအသိုးတွေနဲ့လည်း စားခဲ့ရတယ်။ လုံးဝမစားရတဲ့ ရက်တွေလည်းရှိတယ်။ ကျွန်တော်တို့ကို အမြဲတမ်းအပြစ်မရှိ အပြစ်ရှာပြီးရိုက်တယ်။ ရိုက်ပြီးမိုက်မိုက်ရိုင်းရိုင်းလည်း ဆဲပါတယ်။ ကျွန်တော်တို့ သင်တန်းဆင်းပြီးတော့ ကျွန်တော်တို့ မိုးကုတ်မှာပဲ တာဝန်ထမ်းဆောင်ရတယ်။ ကျွန်တော်က အသက်မပြည့်သေးတဲ့အတွက် သူတို့က ရှေ့တန်းကို မထွက်ခိုင်းဘူး။ နောက်တန်းမှာပဲ သူတို့အတွက်အလှူခံပြီး ပိုက်ဆံရှာပေးရတယ်။ ပြည်သူတွေဆီက အလှူခံထားတဲ့ ငွေတွေကိုလည်း သူတို့တွေက အလွဲသုံးစားလုပ်တယ်။ အောက်ကရဲဘော်တွေကို မကြည့်ကြဘူး။ ပြီးရင် မူးယစ်ဆေးသုံးတဲ့သူတွေလည်းရှိတယ်။ ခေါင်းဆောင်ပိုင်းထဲက အဲဒီလိုမျိုး ပြည်သူတွေဆီက အလှူခံထားတဲ့ ငွေကိုလည်း သူတို့အပျော်အတွက် သုံးကြတယ်။ ကျွန်တော်တို့အဲဒီမှာ နေရတာကျတော့ ကျွန်တော်တို့ အဘွားအရွယ်လောက်ရှိတဲ့ အမေအိုကြီးကို သူတို့ယောကျ်ားသားတွေ နှစ်ယောက်၊ သုံးယောက်လောက်က ဘာမှမဟုတ်ဘဲနဲ့ သက်သေ မခိုင်လုံတဲ့ကိစ္စတွေနဲ့ ပတ်သက်လို့ ချုပ်နှောင်တယ်။ ပြီးတော့ ဖိနပ်တွေနဲ့ဝိုင်းရိုက်တာမျိုးတွေလည်းရှိတယ်။ ကျွန်တော်တို့လည်း သူတို့ရဲ့ညှဉ်းပန်းနှိပ်စက်မှုတွေကြည့်ပြီး ကျွန်တော်တို့ကို ကျွန်တော်တို့ ရှက်လာတယ်။ ပြီးတော့ ကျွန်တော်တို့ မှားနေပြီထင်ပြီး တပ်မတော်ထံ အလင်းဝင်လာတယ်။ ကျွန်တော်တို့ အလင်းဝင်လာတဲ့ အခါမှာလည်း တပ်မတော်က တာဝန်ရှိသူတွေက နွေးနွေးထွေးထွေးကြိုဆိုတယ်။ လိုလေသေးမရှိအောင် ထားပါတယ်။ ပြီးတော့ မကြာခင်မှာ ကျွန်တော်တို့မိဘတွေနဲ့ ပြန်တွေ့ရတော့မှာပါ။ တောထဲမှာ ကျန်ခဲ့တဲ့သူငယ်ချင်းတွေလည်း မိသားစုတွေနဲ့ ပြန်တွေ့ကျဖို့ တပ်မတော်ထံ အလင်းဝင်ကြဖို့ ကျွန်တော့်အနေနဲ့ ဖိတ်ခေါ်ပါတယ်။

**သတင်းစဉ်**

---



# လဲချားမြို့နယ်၌ ရက် (၁၀၀)စီမံချက်ဖြင့် ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

လဲချား ဧပြီ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်တွင် ရက် (၁၀၀) စီမံချက်ဖြင့် ဒေသဖွံ့ဖြိုးရေးအတွက်ကွင်းဆင်း၍ အသိပညာပေးဆောင်ရွက်ခြင်းကို ယမန်နေ့နံနက်ပိုင်းတွင် နားမန်းကျေးရွာအုပ်စု၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနန်းတင့်က အသိပညာပေးဆွေးနွေးခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒေါက်တာမျိုးလှိုင်ဝင်းက တိရစ္ဆာန်များမွေးမြူရေးနှင့်ပတ်သက်၍ သိရှိလိုပါက ဆွေးနွေးနိုင်ကြောင်း၊ ရောဂါများကျရောက်ပါက လာရောက်ကွင်းဆင်းကုသပေးမည်ဖြစ်ကြောင်းနှင့် မွေးမြူလိုသည့် တိရစ္ဆာန်မျိုးများ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးပြီး လဝကဦးစီးမှူး၊ မြို့နယ်ဆရာဝန်ကြီး၊ စိုက်ပျိုးရေးဦးစီးအရာရှိ၊ မြို့နယ်သစ်တော၊ မီးသတ်ဦးစီးဌာန၊ ပြန်/ဆက်ဦးစီးဌာနတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြပြီး ဒေသခံပြည်သူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

---

# ပေါင်မြို့နယ်အတွင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်း တက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသူ နိုင်ငံ့သားကောင်းရတနာများအားဂုဏ်ပြု

ပေါင် ဧပြီ ၂၄

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ပြည်သူ့စစ်မှု ထမ်းသင်တန်း အမှတ်စဉ် (၁)မှ ပြည်သူ့စစ်မှုထမ်းများ မိမိနေရပ်သို့ ပြန်လည်ရောက်ရှိလာသူ နိုင်ငံ့သားကောင်းရတနာများအား ဂုဏ်ပြုသည့် အခမ်းအနားကို ယမန်နေ့က မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ပြောကြား

ဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးလှိုင်က ပြည်သူ့ စစ်မှုထမ်းများသည် သတ်မှတ် စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သဖြင့် ပြည်သူ့စစ်မှု ထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်း တံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုင်ဆောင်၍ မိမိနေရပ် မိသားစုများထံ ပြန်လည်ရောက်ရှိလာသည့်အတွက် ဝမ်းသာဂုဏ်ယူပါကြောင်း၊ ဆန္ဒပြုသည့် အလုပ်အကိုင်များကို သတ်မှတ်ချက်နှင့်အညီ ခန့်အပ်ပေးနိုင်ရေးအတွက် အလုပ်အကိုင် ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီများနှင့် ချိတ်ဆက်၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းအပတ်စဉ်(၁) သင်တန်းမှ မိမိနေရပ်သို့ ပြန်လည်ရောက်ရှိလာသည့်သင်တန်းသား ရှစ်ဦးအား ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀၊ ကြက်ဥနှင့်ဆပ်ပြာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

---

# မင်းဘူးမြို့၌ ဆယ်အိမ်စုမှူးသင်တန်း ဖွင့်လှစ်

မင်းဘူး ဧပြီ ၂၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် ဆယ်အိမ်စုမှူးသင်တန်းကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်အိအိထွန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးမိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဒေါ်သီသီထွန်းက ဆယ်အိမ်စုမှူးသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အေးကျော်က သင်တန်းလက်စွဲစာအုပ်နှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းကို ဧပြီ ၂၄ ရက်မှ ၂၅ ရက်အထိ သင်တန်းသူ ၅၀ ဖြင့် နှစ်ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

■

# ၂၀၂၆ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကို အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များနှင့် မန္တလေးတိုင်းဒေသကြီးတွင် ရက် (၁၀၀) အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

**မန္တလေး ဧပြီ ၂၄**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များ၊ မန္တလေးတိုင်းဒေသကြီးတွင် ရက် (၁၀၀) အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များနှင့် ဧပြီ ၂၀ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ရက်ပေါင်း (၁၀၀) အတွင်း မန္တလေးတိုင်းဒေသကြီးတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်(၂၅)ချက်အား ပြီးစီးအောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် ပြည်သူလူထု သိသင့်သိထိုက်သော အချက်အလက်များကို ပွင့်လင်းမြင်သာစွာ ချပြဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ပြင်ဆင်ထားသည့် အစီအမံများ၊ ဘဏ္ဍာငွေကြေးသုံးစွဲရန် လျာထားမှုများ၊ ပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်သော ဌာနများနှင့် အခြားလိုအပ်ချက်များကို စာရင်းဇယားအချက်အလက် တိကျမှန်ကန်စွာ အချိန်နှင့်တစ်ပြေးညီ ဆွေးနွေး တင်ပြသွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် အတွင်းရေးမှူးတို့က မန္တလေးတိုင်းဒေသကြီးတွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်(၂၅)ချက်အား ရက်ပေါင်း (၁၀၀) အတွင်း ပြီးစီး အောင်မြင်အောင်ဆောင်ရွက်သွားနိုင်ရေး ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် မူလတန်းပြ ဆရာ ဆရာမများအတွက် အင်္ဂလိပ်စာ အရည်အသွေးမြှင့်သင်တန်းဖွင့်ပွဲ တက်ရောက်

**တောင်ကြီး ဧပြီ ၂၄**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က တောင်ကြီးမြို့ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း စိန်မြင်းမိုရ်ခန်းမ၌ ကျင်းပသည့် ၂၀၂၆ခုနှစ် မူလတန်းပြဆရာ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း (Main Course) ဖွင့်ပွဲသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မူလတန်းပြ ဆရာ ဆရာမများအတွက် အင်္ဂလိပ်စာ အရည်အသွေးမြှင့်သင်တန်း (Main Course)သည် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် လူ့စွမ်းအားအရင်းအမြစ်အပေါ်တွင် အခြေခံထားပြီး လူ့စွမ်းအားအရင်းအမြစ်ကို တည်ဆောက်ပေးရာတွင် ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း ပြောကြားသည်။

**လက်ခံရယူ**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးရာဝန်ကြီးတို့က သင်တန်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ရာ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတစ်ဦးတို့က လက်ခံရယူကြသည်။




ယင်းနောက် ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးက အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း (Main Course) နှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြပြီး တောင်ကြီးတက္ကသိုလ် အင်္ဂလိပ်စာဌာန ပါမောက္ခ(ဌာနမှူး)က သင်ကြားရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းသို့ ဆရာ ဆရာမ ၁၀၀ တက်ရောက်ကြပြီး သင်တန်းကို မေ ၂၂ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

*** ဂျာမန်မှ**

ဘိုင်ယန်မြူးနစ်အသင်းဟာ ဂျာမန်ပိုကယ်ဖလားဆီမီးဖိုင်နယ်အဆင့်မှာ လေဗာကူဆင်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး လေဗာကူဆင်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရကာ နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းဟာ ဂျာမန်ပိုကယ်ဖလားနောက်ဆုံးဗိုလ်လုပွဲကို ခြောက်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် တက်လှမ်းခွင့်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ပထမအကျော့ပွဲစဉ်အဖြစ် လာမယ့်သီတင်းပတ်ထဲမှာ ပီအက်စ်ဂျီအသင်းနဲ့ ယှဉ်ပြိုင်ကစားရဖို့ရှိနေပြီး ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲမှာလည်း အမှတ်ပေးဇယားထိပ်ဆုံးမှာဦးဆောင်နေတာကြောင့် တစ်ရာသီအတွင်း ဆုဖလားသုံးလုံးအထိဆွတ်ခူးနိုင်မယ့် အခွင့်အရေးရှိနေတာဖြစ်ပါတယ်။

ဂျာမန်ပိုကယ်ဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမယ့် စတုဂတ်အသင်းကတော့ ဆီမီးဖိုင်နယ်အဆင့်မှာ ဖရိုင်းဘတ်အသင်းကို နှစ်ဂိုး–တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းနဲ့ စတုဂတ်အသင်းတို့ ယှဉ်ပြိုင်ကစားမယ့် ဂျာမန်ပိုကယ်ဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်ကိုတော့ မေ ၂၃ ရက်မှာ ကျင်းပသွားမှာလည်းဖြစ်ပါတယ်။

**ငွေကြယ်**

# အစ္စရေးနှင့် လက်ဘနွန်တို့အကြား ရရှိခဲ့သော အပစ်အခတ်ရပ်စဲရေးကို သက်တမ်းတိုးမြှင့်ရန် သဘောတူညီ

**ဝါရှင်တန် မေ ၂၄**

အစ္စရေးနှင့် လက်ဘနွန်တို့က ပြီးခဲ့သည့် သီတင်းပတ်တွင် ရရှိခဲ့သော အပစ်အခတ်ရပ်စဲရေးကို သက်တမ်းတိုးမြှင့်ရန် သဘောတူညီခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

အဆိုပါသက်တမ်းတိုးမြှင့်ကာလသည် နောက်ထပ်သုံးပတ်ခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သမ္မတထရမ့်က လက်ဘနွန် ထိပ်တန်းအရာရှိများ၊ အစ္စရေးထိပ်တန်းအရာရှိများနှင့် တွေ့ဆုံဆွေးနွေးကာ အဆိုပါ အပစ်အခတ်ရပ်စဲရေးကို သက်တမ်းတိုးမြှင့်ရန် သဘောတူညီခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် လက်ဘနွန်သမ္မတနှင့် အစ္စရေးဝန်ကြီးချုပ်တို့က လာမယ့်ရက်သတ္တပတ်အနည်းငယ်အတွင်း ဝါရှင်တန်မြို့တော်သို့ လာရောက်မည်ဖြစ်ကြောင်း သမ္မတထရမ့်က ဆက်လက်ပြောကြားခဲ့သည်။

ကနဦးရရှိခဲ့သည့် အပစ်အခတ်ရပ်စဲရေးကာလမှာ ၁၀ ရက်ကြာမြင့်ခဲ့သည်။ လက်ရှိတွင် တိုက်ပွဲများအပြီးတိုင်အဆုံးသတ်ရန် အမေရိကန်က စေ့စပ်ညှိနှိုင်းပေးလျက်ရှိသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# ဂျပန်နိုင်ငံရှိ လေဆိပ်များ၌ ဖုန်းအားသွင်းကိရိယာများ အသုံးပြုခြင်းကို တားမြစ်ပိတ်ပင်

**တိုကျို မေ ၂၄**

ဂျပန်နိုင်ငံရှိ လေဆိပ်များ၌ ဖုန်းအားသွင်းကိရိယာများ (power banks) အသုံးပြုခြင်းကို ယနေ့မှ စတင်၍တားမြစ်ပိတ်ပင်ခဲ့ကြောင်း သိရသည်။




လေဆိပ်များ၌ ဖုန်းအားသွင်းကိရိယာများ အသုံးပြုနေစဉ် မီးလောင်ခြင်း သို့မဟုတ် မီးခိုးထွက်ရှိမှုများ မကြာခဏဖြစ်ပွားပြီးနောက် အားသွင်းကိရိယာများ အသုံးပြုခြင်းကို စတင်တားမြစ်ပိတ်ပင်ခြင်းဖြစ်သည်။

စမတ်ဖုန်းများနှင့် အခြားစက်ပစ္စည်းများကို အားသွင်းကိရိယာများဖြင့် အားသွင်းခြင်းအပြင် လေဆိပ်အတွင်းရှိ ပလပ်ပေါက်များကို အသုံးပြု၍ အားသွင်းခြင်းကိုလည်း တားမြစ်ထားသည်။

စည်းမျဉ်းသစ်အရ ခရီးသည်တစ်ဦးသည် လေယာဉ်ပေါ်သို့ အားသွင်းကိရိယာ နှစ်ခုထက် ပိုမိုယူဆောင်ခွင့် မပြုကြောင်း သိရသည်။

ဖုန်းနှင့် အခြားစက်ပစ္စည်းများ အားသွင်းခြင်း သို့မဟုတ် ခွင့်ပြုထားသည်ထက် အားသွင်းကိရိယာများ ပိုမိုယူဆောင်လာသူများသည် ထောင်ဒဏ် နှစ်နှစ် သို့မဟုတ် အမြင့်ဆုံးဒဏ်ငွေ ယန်းတစ်သန်း (အမေရိကန်ဒေါ်လာ ၆၃၀၀)ခန့် ဒဏ်ငွေပေးဆောင်ရမည် ဖြစ်သည်။

တိုကျိုမြို့ ဟာနီဒါလေဆိပ်၌ လေကြောင်းလိုင်း အမျိုးမျိုး၏ check-in ကောင်တာများတွင် ခရီးဆောင်အားသွင်းကိရိယာများ ပိုမိုယူဆောင်လာခြင်း ရှိ၊ မရှိကို စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# TSMC ကုမ္ပဏီက ပိုမိုသေးငယ်မြန်ဆန်သော တစ်ပိုင်းလျှပ်ကူးပစ္စည်းများ စတင်ထုတ်လုပ်မည်

**တိုင်ပေ မေ ၂၄**

ကမ္ဘာ့အကြီးဆုံး တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီ TSMC က ၂၀၂၉ ခုနှစ်တွင် ပိုမိုသေးငယ်မြန်ဆန်သော တစ်ပိုင်းလျှပ်ကူးပစ္စည်းများကို စတင်ထုတ်လုပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ၎င်းနည်းပညာဖြင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းများကို ပိုမိုကျစ်လစ်စွာ ဖွဲ့စည်းတည်ဆောက်ထားသည့်အတွက် ၁ ဒသမ ၃ နာနိုမီတာ အရွယ်အစားသာရှိပြီး စွမ်းဆောင်ရည်မြင့်မားမှုကို ပိုမိုပေးစွမ်းနိုင်ကြောင်း သိရသည်။

ဉာဏ်ရည်တုနှင့် မိုဘိုင်းလ်ဖုန်းများကဲ့သို့သော နည်းပညာဆန်းသစ်မှု၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

TSMC ကုမ္ပဏီက ၂၀၂၅ ခုနှစ်တွင် တရုတ် တိုင်ပေတွင် နှစ်နာနိုမီတာ အရွယ်အစားရှိ တစ်ပိုင်းလျှပ်ကူးပစ္စည်း အမြောက်အမြား ထုတ်လုပ်ခဲ့ပြီး ၁ ဒသမ ၄ နာနိုမီတာအရွယ်အစားရှိ တစ်ပိုင်းလျှပ်ကူးပစ္စည်းများကို ၂၀၂၈ ခုနှစ်တွင် စတင်ထုတ်လုပ်သွားရန် ရည်မှန်းထားသည်။

အလားတူ TSMC ကုမ္ပဏီက ဂျပန်နိုင်ငံ ကူမာမိုတိုစီရင်စုတွင်ရှိသော ၎င်း၏ တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်ရေးစက်ရုံကို ၂၀၂၄ ခုနှစ်တွင် စတင်ခဲ့ကြောင်း သိရသည်။ ၎င်း၏ ဒုတိယမြောက်စက်ရုံကို အဆိုပါစီရင်စုတွင် တည်ဆောက်လျက်ရှိပြီး ၂၀၂၈ ခုနှစ်တွင် သုံးနာနိုမီတာ အရွယ်အစားရှိသော တစ်ပိုင်းလျှပ်ကူးပစ္စည်းများကို စတင်ထုတ်လုပ်ရန် စီစဉ်ထားသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# မီတာနှင့် မိုက်ခရိုဆော့ဖ် ကုမ္ပဏီတို့က ဝန်ထမ်းထောင်ပေါင်းများစွာ လျှော့ချရန် စီစဉ်

**ဝါရှင်တန် မေ ၂၄**

နည်းပညာကုမ္ပဏီများ ဖြစ်ကြသည့် မီတာနှင့် မိုက်ခရိုဆော့ဖ်တို့က ၎င်းတို့၏ ဝန်ထမ်းထောင်ပေါင်းများစွာကို လျှော့ချရန် စီစဉ်နေကြောင်း အမေရိကန်မီဒီယာများက ယနေ့သတင်းဖော်ပြသည်။

ဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဒေါ်လာဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံထားသောကြောင့် ကုန်ကျစရိတ်များကို လျှော့ချရန် လိုအပ်ကြောင်း ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားခဲ့သည်။

မီတာကုမ္ပဏီက မေလတွင် ၎င်း၏ဝန်ထမ်း ၈၀၀၀ ခန့်ကို လျှော့ချမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါလုပ်သားအင်အားသည် ၎င်း၏ ကမ္ဘာလုံးဆိုင်ရာ လုပ်သားအင်အား၏ ၁၀ ရာခိုင်နှုန်းဖြစ်သည်။ ထို့ပြင် ကုမ္ပဏီက ရာထူးနေရာ ၆၀၀၀ ခန့်ကို ဝန်ထမ်းများ ထပ်မံခန့်အပ်ခြင်းမရှိဘဲ လစ်လပ်နေရာများအဖြစ်သာ ထားရှိမည်ဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီ၏ဆောင်ရွက်ချက်များကို ထိရောက်စွာ လုပ်ဆောင်နိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်များနည်းပါးရန် ဝန်ထမ်းအင်အားကို လျှော့ချခြင်းဖြစ်ကြောင်း မီတာကုမ္ပဏီက ပြောကြားခဲ့သည်။

အလားတူ မိုက်ခရိုဆော့ဖ် ကုမ္ပဏီက အမေရိကန်ပြည်ထောင်စုအတွင်းရှိ ၎င်း၏ ဝန်ထမ်းများအနက်မှ ၈၇၀၀ ခန့် (ဝန်ထမ်းအင်အား၏ ခုနစ်ရာခိုင်နှုန်း)ကို မိမိဆန္ဒအလျောက် အငြိမ်းစားယူနိုင်ရန် စီစဉ်ပေးလျက်ရှိသည်။

အဆိုပါ ထောက်ပံ့ပေးမှုအစီအစဉ်သည် ကုမ္ပဏီ၏သမိုင်းတွင် အကြီးမားဆုံး ဖြစ်ကြောင်း ပြည်တွင်းမီဒီယာများက ပြောသည်။

အမေဇုန်ကုမ္ပဏီက ကမ္ဘာတစ်ဝန်းရှိ အလုပ်အကိုင်ပေါင်း ၁၆၀၀၀ ကို လျှော့ချရန် စီစဉ်နေကြောင်း ဇန်နဝါရီလတွင် ပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**






# အယ်လ်နီညိုဖြစ်စဉ်ကြောင့် ယခုနှစ် နှစ်လယ်ပိုင်းမှ စတင်ကာ ကမ္ဘာလုံးဆိုင်ရာ အပူချိန်နှင့် မိုးရွာသွန်းမှုပုံစံများ သက်ရောက်မှုရှိနိုင်

**ဂျီနီဗာ မေ ၂၄**

အယ်လ်နီညို ဖြစ်စဉ်ကြောင့် ယခုနှစ် နှစ်လယ်ပိုင်းမှ စတင်ကာ ကမ္ဘာလုံးဆိုင်ရာ အပူချိန်နှင့် မိုးရွာသွန်းမှုပုံစံများကို သက်ရောက်မှုရှိနိုင်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ (WMO)က ယနေ့ အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ခဲ့သည်။

ပစိဖိတ်ဒေသတွင် ရာသီဥတုဆိုင်ရာ ပြောင်းလဲမှုများ သိသိသာသာ ဖြစ်ပေါ်စေကြောင်းနှင့် ပင်လယ်မျက်နှာပြင် အပူချိန်သည် လျင်မြန်စွာ မြင့်တက်လျက်ရှိပြီး မေလမှ ဇူလိုင်လအထိ အယ်လ်နီညိုဖြစ်စဉ်များ ဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။

အယ်လ်နီညိုဖြစ်စဉ် အပူချိန်မြင့်တက်မှုသည် လာမည့်လအနည်းငယ်အတွင်း မြင့်မားလာနိုင်ကြောင်း ရာသီဥတုခန့်မှန်းရေး အကြီးအကဲ ဝီဖရန်မိုဖော်မာအိုကီယာက ပြောကြားခဲ့သည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်အလယ်ပိုင်းနှင့် အရှေ့အလယ်ပိုင်းရှိ ပင်လယ်မျက်နှာပြင် အပူချိန်များ ပူနွေးလာမှု၏ လက္ခဏာရပ်ဖြစ်သည်။ ပုံမှန်အားဖြင့် နှစ်နှစ်တစ်ကြိမ်မှ ခုနစ်နှစ်တစ်ကြိမ် ဖြစ်ပေါ်လေ့ရှိပြီး ကိုးလမှ ဆယ့်နှစ်လခန့်ကြာမြင့်ကြောင်း သိရသည်။

အယ်လ်နီညို ဖြစ်စဉ်သည် ကမ္ဘာကြီး ပူနွေးလာမှုအပေါ် သက်ရောက်မှုရှိသည့်အတွက် ၂၀၂၄ ခုနှစ်သည် အားကောင်းသော အယ်လ်နီညိုဖြစ်စဉ်နှင့် စံချိန်တင် အပူဆုံးနှစ်တစ်နှစ် ဖြစ်ခဲ့သည်။ **ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး ဒေသခံပြည်သူများနှင့်တွေ့ဆုံ



ထားဝယ် မေ ၂၄

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးသည် ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြည်သူကို ဗဟိုပြုသောအဖွဲ့ဖြစ်သောကြောင့် ပြည်သူ့အသံကိုနားထောင်ကာ ပြည်သူများ၏လိုအပ်ချက်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းရေးသည်အရေးကြီးကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းမည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်ဆောင်ရွက်ပေးသွားမည့်အပြင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်နှင့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဋ္ဌေးတို့က ပထမပုံမှန်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ချက်များ၊ အတွေ့အကြုံများ၊ မြို့မိမြို့ဖများနှင့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ဒေသအတွင်း ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်ပေးမည့်လုပ်ငန်းများကို ဖြည့်စွက်ဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

ညနေပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ထားဝယ်မြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် (၈၄)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲ အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးသာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဂေါပကအဖွဲ့ဝင်များက အခမ်းအနားပြင်ဆင်ရေး၊ လုံခြုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ ရေရရှိရေး၊ စတုဒိသာ ဧည့်ခံကျွေးမွေးရေး၊ ပြည်သူများပူးပေါင်းပါဝင်ရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရခိုင်… ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ





ပုသိမ် မေ ၂၄

လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲကို ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပုသိမ်ဟိုတယ်၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်၏ မူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါ ပြည်သူ့ဆန္ဒနှင့်အညီ ရွေးချယ်ခံရသည့် ရွေးကောက်ခံကိုယ်စားလှယ်များနှင့် ညှိနှိုင်းပေါင်းစပ်၍ ဒေသဖွံ့ဖြိုးရေးကိစ္စများ ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် ယခုကဲ့သို့ တွေ့ဆုံပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း၊ လွှတ်တော်နှင့် အစိုးရ၊ အစိုးရနှင့် လွှတ်တော်တို့သည် အပြန်အလှန်ထိန်းကျောင်းရင်း တစ်ဦးနှင့် တစ်ဦး နားလည်မှုရှိစွာ တိုင်းဒေသကြီးအကျိုး၊ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှု၍ ဆောင်ရွက်သွားမည်ဆိုပါက ငါးနှစ်တာကာလအတွင်း တိုင်းဒေသကြီးသည် မလွဲကေန် အောင်မြင်မှု အသီးအပွင့်များကို ပြည်သူများ ခံစားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများ၏ လိုလားချက်၊ ပြည်သူ့ဆန္ဒကို အတတ်နိုင်ဆုံးကြိုးစားပြီး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ ရက်ပေါင်း(၁၀၀) အကောင်အထည်ဖော်မည့် အစီအမံများ၊ တိုင်းဒေသကြီးက ဖော်ဆောင်မည့် ရက်(၁၀၀)အစီအမံများကိုလည်း လွှတ်တော်ကိုယ်စားလှယ်များက အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်အသီးသီးမှကိုယ်စားလှယ်များက ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍ၊ ဒေသဖွံ့ဖြိုးရေးကဏ္ဍ၊ နယ်မြေတည်ငြိမ်အေးချမ်းသာယာရေးကဏ္ဍများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များက အပြန်အလှန် မိတ်ဆက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ငပုတောမြို့နယ်၌ ရေတွင်းရေကန်များ ရေပြတ်လပ်မှုရှိ၊ မရှိ စစ်ဆေး

ငပုတော မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် မီးသတ်ဦးစီးဌာနက ငပုတောမြို့နယ် တောင်ပိုင်းရပ်ကွက်နှင့် မြောက်ပိုင်းရပ်ကွက်ရှိ သောက်သုံးရေကန်များ၊ ရေတွင်းများအား ရေပြတ်လပ်မှု မရှိစေရေး ယမန်နေ့ ညနေပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမင်းအောင်၏ လမ်းညွှန်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် တာဝန်ရှိသူများက သောက်သုံးရေကန်များနှင့် ရေတွင်းများတွင် ရေပြတ်လပ်မှုရှိ၊ မရှိနှင့် မီးဘေးအန္တရာယ်ပေါ်ပေါက်လာပါက လွယ်ကူစွာရေသယ်ယူဆောင်ရွက်နိုင်ရေး ရှိ၊ မရှိ လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်သူ(ပြန်/ဆက်)**

# သာကေတမြို့နယ်၌ တစ်အိမ်တက်ဆင်းမီးစစ်ဆေးခြင်းနှင့် လက်ကမ်းစာစောင်ဝေငှခြင်းများ ဆောင်ရွက်

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မီးသတ်ဦးစီးဌာနက နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၇/အနောက်ရပ်ကွက်၌ ယနေ့နံနက်ပိုင်းတွင် တစ်အိမ်တက်ဆင်းမီးစစ်ဆေးခြင်းနှင့် လက်ကမ်းစာစောင်များ ဝေငှခြင်းများ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းမင်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဒုမီးသတ်ဦးစီးမှူး ဦးနေဝင်းထွန်း ဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များဖြင့် ရပ်ကွက်အတွင်း လျှပ်စစ်မီးများအသုံးပြုရာ၌ မီးဘေးလုံခြုံစိတ်ချရမှု ရှိ၊မရှိ ကြည့်ရှုစစ်ဆေးပြီး နေအိမ်ရေကန်များ ရေအပြည့် ဖြည့်တင်းထားရှိကြရန်နှင့် နေအိမ်များအတွင်း မီးဘေးလုံခြုံစိတ်ချရမှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးခြင်းနှင့် ပြည်သူများ မီးစနစ်တကျသုံးစွဲတတ်စေရန်၊ မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းများထားရှိစေရန်၊ အရေးပေါ်ဖြစ်ပွားလာပါက ချက်ချင်းသတင်းပေးပို့နိုင်ရေးနှင့် ပြည်သူများ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဟောပြောသည်။

ထို့နောက် မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနက ထုတ်ဝေသည့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်သော လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# နိုင်ငံ့အားကို တည်ဆောက်မည့် ပညာရေး

ဆရာဇော်(ပညာရေး)



မင်္ဂလာအပေါင်း ပြည့်ဝမွမ်းထုံသော ကျက်သရေမင်္ဂလာပြည့်ဝလှသည့် မြန်မာတို့၏ နှစ်သစ်ကူးသင်္ကြန်အခါသမယတွင် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ၌ အနာဂတ်အတွက် အားတက်ဖွယ်ရာ အလင်းသစ်များ စတင်ထွန်းလင်းလာပြီဖြစ်သည်။ ၂၀၂၄ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ပြည်ထောင်စုလွှတ်တော်ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းနှင့် နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများအား တွေ့ဆုံမှာကြားသည့် မိန့်ခွန်းလမ်းညွှန်ချက်များက နိုင်ငံတော်တည်ဆောက်ရေးတွင် **“ပညာရေး”** ကို အဓိကအသက်သွေးကြောအဖြစ်သတ်မှတ်ကာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက်ခြေလှမ်းသစ်များကို ဖော်ဆောင်ခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းတွင် အနာဂတ်မြန်မာနိုင်ငံကို အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့် တည်ဆောက်ရန်အတွက် အခြေခံပညာရေးမှသည် အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာကဏ္ဍအထိ ဘက်စုံမြှင့်တင်ရန်လိုအပ်ကြောင်း အလေးထား ပြောကြားခဲ့သည်။

### ပညာရေးသည် နိုင်ငံတည်ဆောက်ရေး၏ အခြေခံအုတ်မြစ်

နိုင်ငံတော်သမ္မတကြီးက **“နိုင်ငံတစ်နိုင်ငံကို ခေတ်မီဖွံ့ဖြိုးအောင် တည်ဆောက်ရာတွင် ပညာမရှိဘဲ မတည်ဆောက်နိုင်”** ဟူသော လေးနက်သည့် အယူအဆကို ရှေ့တန်းတင်ခဲ့ပါသည်။ ပညာရည်နိမ့်ပါးသူများ၊ အသိပညာနိမ့်ကျသူများဖြင့် နိုင်ငံကို တည်ဆောက်၍မရနိုင်ကြောင်း၊ ထို့ကြောင့် ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးရန်မှာ နိုင်ငံတော်အတွက် မဖြစ်မနေလိုအပ်သော လုပ်ငန်းစဉ်ဖြစ်ကြောင်း မီးမောင်းထိုးပြခဲ့သည်။ ပညာရေးမြှင့်တင်မှုမှာ တစ်ခဏတာလုပ်ဆောင်ရမည့်ကိစ္စမဟုတ်ဘဲ အစဉ်တစိုက် အလေးထားဆောင်ရွက်ရမည့် **“အမြဲတမ်းလုပ်ငန်းစဉ်”** တစ်ရပ်ဖြစ်ကြောင်း အလေးအနက် တိုက်တွန်းထားပါသည်။

### ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေး (ECCD) မှစတင်ခြင်း

ပညာရေးမြှင့်တင်ရာတွင် အခြေခံကောင်းရန်မှာ ကျောင်းမတက်မီ ရှေးဦးသူငယ်ဘဝကတည်းက စတင်ရမည်ဖြစ်သည်။ မူလတန်းမတိုင်မီ မူကြိုတက်ခဲ့သော ကလေးငယ်များက ပညာသင်ယူလိုစိတ် ပိုမိုအားကောင်းပြီး အခြေခံခိုင်မာကြသည်ကို တွေ့ရှိရသည့်အတွက် **Early Childhood Care and Development (ECCD)** ဖြစ်သော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို သက်ဆိုင်ရာဝန်ကြီးဌာနများက အလေးထားဆောင်ရွက်ရန် လမ်းညွှန်ခဲ့သည်။ ထိရောက်သော မူကြိုကျောင်းများ ပေါ်ထွက်လာရေးသည် လူငယ်ပြုစုပျိုးထောင်ရေးအတွက် အဓိကသော့ချက်ပင်ဖြစ်သည်။

### စာကိုလည်းသင်၊ လူကိုလည်းပြင်

ပညာရေးသည် စာတတ်ရုံ၊ အတန်းပညာတတ်ရုံမျှဖြင့် မလုံလောက်ဘဲ အသက်အရွယ်၊ အဆင့်အတန်းအလိုက် ရှိသင့်ရှိထိုက်သော အတွေးအခေါ်၊ အယူအဆနှင့် ဆင်ခြင်တုံတရားများ ပြည့်စုံရန် လိုအပ်ပါသည်။ ယနေ့နိုင်ငံတွင် ကြုံတွေ့နေရသော အခက်အခဲအချို့မှာ စာတတ်သော်လည်း အသိဉာဏ်ပညာနှင့် စဉ်းစားတွေးခေါ်မှု နိမ့်ပါးနေကြသူများကြောင့်ဖြစ်သည်ဟု နိုင်ငံတော်သမ္မတကြီးက သုံးသပ်ထားသည်။

ထို့ကြောင့် **“စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ”** ဟူသော ဆောင်ပုဒ်နှင့်အညီ ကျောင်းသားကျောင်းသူများကို ဗလငါးတန်ထူးချွန်သည့် လူကောင်းလူတော်များဖြစ်အောင် ပျိုးထောင်ပေးခြင်းသည် **“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက”** ဆိုသည့်အတိုင်း နိုင်ငံတော်အတွက် အရေးအကြီးဆုံး ပြုပြင်ပြောင်းလဲမှုပင်ဖြစ်သည်။ လူငယ်များအနေဖြင့် စာတတ်ရုံသာမက စိတ်ဓာတ်၊ စည်းကမ်းနှင့် အသိပညာဗဟုသုတ ပြည့်စုံသည့် လူတော်လူကောင်းများ ဖြစ်လာစေရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် အတတ်ပညာရှင်၊ အသိပညာရှင်များဖြစ်စေရန် **“စာကိုလည်းသင်၊ လူကိုလည်းပြင်”** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကျောင်းသား ကျောင်းသူများကို အမှန်တကယ် ပညာပြည့်ဝအောင်၊ ပညာရေးကဏ္ဍကို မဖြစ်မနေမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

### နိုင်ငံ၏အားသည် ပြည်တွင်းမှာသာရှိသည်

ပညာရေးကဏ္ဍအတွင်း ဒေသအလိုက် မညီမျှမှုများကိုလျှော့နည်းစေရန် လိုအပ်ကြောင်း အထူးညွှန်ကြားခဲ့သည်။ ကလေးတိုင်းအတွက် အခွင့်အလမ်း တန်းတူညီမျှမှုရရှိစေရန် အခြေခံပညာရေး၏ အုတ်မြစ်ခိုင်မာရေးကို ဦးစားပေးထားသည်။ အခြေခံပညာရေးတွင် KG မှ Grade (9) အထိ မဖြစ်မနေသင်ယူပြီးမြောက်စေရေး **(KG + 9)** မူဝါဒသည် မြန်မာနိုင်ငံသားတိုင်းအတွက် အနည်းဆုံးလိုအပ်သည့် စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် စည်းကမ်းရှိမှုကို အာမခံပေးမည့် အုတ်မြစ်ဖြစ်သည်။

ဤမူဝါဒသည် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေနိုင်စေရန်နှင့် ကျောင်းထွက်နှုန်းလျှော့ချရန်အတွက် အဓိကရည်မှန်းချက်ဖြစ်သည်။ အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခကြောင့် ပညာသင်ကြားခွင့် ဆုံးရှုံးခဲ့ရသည့် နယ်စပ်ဒေသများရှိ ကလေးငယ်များအတွက် နေရာဒေသကွာခြားမှု မရှိစေဘဲ ပညာသင်ကြားခွင့်ရရှိစေရန် **“မည်သည့်ကလေးမျှ မကျန်ရစ်စေရ”** ဟူသော မေတ္တာနှင့်ယှဉ်သည့်မူဝါဒသည် နိုင်ငံ့သားကောင်းများ ပေါ်ထွက်လာစေရန် ခင်းကျင်းပေးသော ပေါင်းကူးတံတားတစ်ခု ဖြစ်လာမည်ဖြစ်သည်။

**“နိုင်ငံ၏အားသည် နိုင်ငံသားများအတွင်းတွင်ရှိသည်”** ဟူသော သဘောတရားကိုအခြေခံ၍ နိုင်ငံတော်သမ္မတက ခေတ်မီနိုင်ငံတော်တစ်ရပ် တည်ဆောက်ရာတွင် ကမ္ဘာလုံးဆိုင်ရာပြိုင်ဆိုင်မှုကို ခံနိုင်ရည်ရှိသလို ဒေသတွင်းထုတ်လုပ်မှုစွမ်းရည်နှင့်လည်း ချိတ်ဆက်နိုင်သည့် လုပ်သားအင်အားရှိရမည်ဟု အလေးပေးပြောကြားခဲ့သည်။

### စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် နည်းပညာအခြေခံ သက်မွေးပညာကဏ္ဍ

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့် မှီတင်းနေထိုင်ရာ ကျေးလက်ဒေသများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည်နှင့်အညီ ၎င်းတို့၏ လူမှုစီးပွားဘဝကို မြှင့်တင်ရန်အတွက် ပညာရေးဝန်ကြီးဌာနအောက်ရှိ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်သွားရန် အခြေခံသက်မွေးပညာကဏ္ဍကို နိုင်ငံတော်သမ္မတကြီးက အထူးအလေးပေးခဲ့ပါသည်။

- **စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ –** လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို တိုက်ရိုက်ဖန်တီးပေးမည့် လမ်းကြောင်းသစ်များ ဖြစ်လာပါမည်။
- **Polytechnic နှင့် အဆင့်မြင့်သိပ္ပံကျောင်းများ –** လက်တွေ့အသုံးချပညာရပ်များနှင့် သိပ္ပံပညာအကြား ကွာဟချက်ကို ဖြည့်ဆည်းရန် Polytechnic တက္ကသိုလ်များကို တိုးချဲ့တည်ထောင်ပြီး Agro-based Industry အတွက် လိုအပ်သော ကျွမ်းကျင်ပညာရှင်များကို ပြုစုပျိုးထောင်သွားမည်ဖြစ်သည်။
- **MSME နှင့် ချိတ်ဆက်မှု –** အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သော စက်မှုလက်မှုကျွမ်းကျင်သူများကို ဤသက်မွေးပညာကျောင်းများမှတစ်ဆင့် ပြုစုပျိုးထောင်သွားမည်ဖြစ်သည်။

### ဥပဒေအသိနှင့် စည်းကမ်းရှိသော လူမှုဝန်းကျင်

ပညာရေးသည် အတတ်ပညာသာမက အသိပညာပါ ပြည့်စုံရမည်ဖြစ်ကြောင်း၊ ပြည်သူအားလုံး ဥပဒေကို သိရှိလိုက်နာမှသာ အေးချမ်းသာယာသော ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတက လမ်းညွှန်ထားသည်။ ထို့ကြောင့် အခြေခံပညာကျောင်းများတွင် ဥပဒေအခြေခံများကို သင်ကြားပေးခြင်းနှင့် တက္ကသိုလ်အသီးသီးတွင် ဥပဒေပညာဘွဲ့ပေးနိုင်သည်အထိ တိုးမြှင့်ဆောင်ရွက်ခြင်းတို့သည် တရားဥပဒေစိုးမိုးရေးအတွက် ခိုင်မာသော ကြိုးပမ်းချက်များပင်ဖြစ်သည်။

### အတူတကွ ပေါင်းစည်းတည်ဆောက်မည့် အနာဂတ်

**“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရေး အထူးအလေးပေးပြောကြားခဲ့သည်။ နိုင်ငံတော်သမ္မတကြီးက နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာမိတ်ဖက်များအား ပညာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ကြရန် ဖိတ်ခေါ်ခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံသည် ပြည်သူ့ဆန္ဒနှင့်အညီ ပြည်သူတစ်ရပ်လုံးကလိုလားသော လမ်းကြောင်းပေါ်သို့ ပြန်လည်ခြေချကာ ဒီမိုကရေစီစာမျက်နှာသစ်ကို စတင်ရေးဆွဲနေပြီဖြစ်သည်။ ဆရာ၊ မိဘ၊ ကျောင်းသားနှင့် ပြည်သူတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက မြန်မာနိုင်ငံသည် ဉာဏ်ရည်၊ ကိုယ်ကျင့်တရားနှင့် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုတို့ဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်နိုင်မည်ဖြစ်ပါသည်။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအချင်းချင်းပေါင်းစပ်ညှိနှိုင်းပြီး နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးကဏ္ဍများကို စိတ်တူကိုယ်တူ အကောင်အထည်ဖော်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်ဆီသို့ အရောက်လှမ်းနိုင်မည်မှာ မလွဲဧကန်ပင် ဖြစ်ပါတော့သည်။ ။

> **“စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ” ဟူသော ဆောင်ပုဒ်နှင့်အညီ ကျောင်းသားကျောင်းသူများကို ဗလငါးတန်ထူးချွန်သည့် လူကောင်းလူတော်များဖြစ်အောင် ပျိုးထောင်ပေးခြင်းသည် “အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက” ဆိုသည့်အတိုင်း နိုင်ငံတော်အတွက် အရေးအကြီးဆုံးပြုပြင်ပြောင်းလဲမှုပင်ဖြစ်သည်။ လူငယ်များအနေဖြင့် စာတတ်ရုံသာမက စိတ်ဓာတ်၊ စည်းကမ်းနှင့် အသိပညာဗဟုသုတ ပြည့်စုံသည့် လူတော်လူကောင်းများ ဖြစ်လာစေရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် အတတ်ပညာရှင်၊ အသိပညာရှင်များဖြစ်စေရန် “စာကိုလည်းသင်၊ လူကိုလည်းပြင်” ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကျောင်းသား ကျောင်းသူများကို အမှန်တကယ် ပညာပြည့်ဝအောင်၊ ပညာရေးကဏ္ဍကို မဖြစ်မနေမြှင့်တင်ဆောင်ရွက်**

# ၂၀၂၆ ခုနှစ်အတွင်း မူးယစ်ဆေးဖြတ်ပြီးသူဦးရေ ၁၅၀ ကျော်အား စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်



ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိမူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုရုံး၌ ၂၀၂၆ ခုနှစ်အတွင်း စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲ စောင့်ရှောက်မှုခံယူပြီးသည့် မူးယစ်ဆေးဖြတ် သင်တန်းသားဦးရေ ၁၅၀ ကျော်ထိရှိကြောင်း ယနေ့ နံနက်ပိုင်းက အဆိုပါမူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ) ဗဟိုရုံး မေတ္တာစံအိမ်ခန်းမ၌ ပြုလုပ်သည့် မူးယစ်ဆေးဖြတ် သင်တန်းဆင်း သင်တန်းသားများ၏ မိဘအုပ်ထိန်းသူများနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားမှ သိရသည်။

အခမ်းအနားတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်အောင်ဝင်းနှင့် ဦးစီးအရာရှိ(ငြိမ်း) ဦးအေးလွင်တို့က အမှာစကားပြောကြားပြီး မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုမှ ဥက္ကဋ္ဌ ဦးစံရှိန်က ပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ) ဗဟို၏ လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာ၌ အသုံးပြုရန်အတွက် ဦးငွေးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းတင့် မိသားစုက အလှူငွေများ ပေးအပ်လှူဒါန်းရာ အသင်းမှ တာဝန်ရှိသူက လက်ခံရယူသည်။

မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ) ဗဟိုအနေဖြင့် မူးယစ်ဆေးစွဲလူနာများအား ရှာဖွေဖော်ထုတ်ခြင်း၊ ဆိုရှယ်မီဒီယာမှ ဆက်သွယ်လာသည့် မူးယစ်ဆေးစွဲ လူနာများအား ဆေးရုံသို့လွှဲပြောင်းညွှန်းပို့၍ ဆေးဖြတ်ပေးခြင်း၊ ဆေးရုံမှပြန်ဆင်းလာသည့်အခါ ပြန်လည်ထူထောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပြန်လည်ထူထောင်မှုခံယူပြီးသူများအား နောက်ဆက်တွဲစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းတို့ကို ၂၄ နာရီ ဝန်ဆောင်မှုပေးလျက်ရှိပြီး ၂၀၂၆ ခုနှစ်အတွင်း စုစုပေါင်း မူးယစ်ဆေးဖြတ် သင်တန်းသား ၁၅၆ ဦးကို စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **နိုင်လင်းအောင်(ပြန်/ဆက်)**

# ညောင်ဦးမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် VDP စီမံကိန်းလုပ်ငန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းများ ဆောင်ရွက်

ညောင်ဦး မေ ၂၄

မန္တလေးတိုင်း ဒေသကြီး ညောင်ဦး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ်တွင် ရက်(၁၀၀)စီမံချက်ဖြင့် VDP စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စီမံကိန်း လုပ်ငန်းအကြောင်း မိတ်ဆက် ရှင်းလင်းခြင်းနှင့် လုပ်ငန်းကော်မတီဝင်များ ဖွဲ့စည်းဆောင်ရွက်ခြင်းကို မေ ၂၃ ရက်က ရှင်မိန်ကျေးရွာ၌ ကျင်းပသည်။



ဦးစွာ ညောင်ဦးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်က နိုင်ငံတော် အစိုးရသစ်၏ အကောင်အထည်ဖော် ဆောင်ရွက်မည့် ရက်(၁၀၀) စီမံချက်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းက VDP စီမံကိန်း လုပ်ငန်းတွင် လိုက်နာရမည့် မူဘောင်များနှင့် စီမံကိန်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက VDP စီမံကိန်းလုပ်ငန်း ကော်မတီဝင် ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာ ကော်မတီဝင် ကိုးဦးအား ရွေးချယ်ဖွဲ့စည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



ဘားအံမြို့၌ မျက်စိစမ်းသပ်ကုသပေးခြင်းများဆောင်ရွက်

ဘားအံ မေ ၂၄

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ မျက်စိဝေဒနာရှင်များအား အခမဲ့ မျက်စိစမ်းသပ်ကုသပေးခြင်း၊ မျက်မှန်များပြုလုပ်ပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘားအံမြို့နယ် ပြည်သူ့ဆေးရုံကြီး သုံးထပ်ဆောင်၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်နန်းဘေဘီမြင့်က အမှာစကားပြောကြားပြီး အလှူငွေကျပ် သိန်း၂၀ လှူဒါန်းပေးသော ကရင်အမျိုးသမီးများဖွံ့ဖြိုးရေးအသင်း(ခ) မေတ္တာသီရိအမျိုးသမီးနှင့် ကလေးသူငယ်များ ဖွံ့ဖြိုးရေးအသင်း ရုံးခွဲတာဝန်ခံနှင့် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းပေးသော စွန့်လွှတ်နှလုံးသားဖောင်ဒေးရှင်း ဘားအံရုံးခွဲတာဝန်ခံတို့က အလှူငွေများပေးအပ်လှူဒါန်းရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ပြီး ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာနည်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ မျက်စိစမ်းသပ်ကုသပေးရာတွင် ဘားအံပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန် ဒေါက်တာ တင်ဇော်မြတ်နှင့် ကျန်းမာရေးဝန်ထမ်းများက မျက်စိရောဂါဝေဒနာရှင်များအား အခမဲ့စမ်းသပ်ကုသပေးပြီး မျက်မှန်များ ပြုလုပ်ပေးခဲ့ရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



ကံမမြို့နယ်အတွင်း စက်သုံးဆီအရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက်တွင် ကံမမြို့နယ် အုပ်ဖိုကျေးရွာ သရက်–ကံမလမ်းဘေးရှိ ထိပ်တန်း စက်သုံးဆီအရောင်းဆိုင်အား ကံမမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ယာယီ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ဦးနှင့်အတူ တာဝန်ရှိသူများက မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးစဉ်။

ကောင်းစစ်နိုင်



မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ မေ ၂၄ ရက် နံနက်ပိုင်းက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေနှင့် ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စက်သုံးဆီဆိုင်များတွင် တပ်ဆင်ထားသည့် မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ ကောင်းမွန်ခြင်း ရှိ/မရှိ၊ စက်သုံးဆီ သတ်မှတ်အရည်အသွေးနှင့် ဈေးနှုန်းများ မှန်ကန်စေရေးနှင့် မီးသတ်ဦးစီးဌာနက သတ်မှတ်ထားသည့် မီးဘေးလုံခြုံရေးဆိုင်ရာ လမ်းညွှန်ချက်များ လိုက်နာဆောင်ရွက်ကြရန် စစ်ဆေးဆောင်ရွက်စဉ်။

ကိုခန့်



# မြောက်ဥက္ကလာပမြို့နယ်၌ မီးဘေးလုံခြုံရေး ကွင်းဆင်းအသိပညာပေးစစ်ဆေး

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သုဓမ္မာလမ်း (၃၅)ရပ်ကွက်ရှိ သီရိရတနာ လက်လီလက်ကားဈေးအား မီးဘေးလုံခြုံရေး ကွင်းဆင်း အသိပညာပေးစစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ရေး လေ့ကျင့်ခြင်းကို ယမန်နေ့ ညနေပိုင်းက အဆိုပါဈေးတွင် တာဝန်ရှိသူများက အသိပညာပေး ကွင်းဆင်း စစ်ဆေးဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြောက်ဥက္ကလာပမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိဦးစည်သူမျိုးဦးဆောင်သည့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ဈေးတာဝန်ခံနှင့် ဈေးလုံခြုံရေးများ၊ ဈေးကော်မတီတို့နှင့်အတူ ဈေးပိတ်ချိန်မီးသုံးစွဲမှုနှင့် လျှပ်စစ်မိန်းခလုတ်များ ပိတ်ထားမှု ရှိ/မရှိ၊ ဈေးမီးဘေးလုံခြုံရေး ဆောင်ရွက်ထားသည့် အပေါ့စားစက်များ အဆင်သင့်အသုံးပြုနိုင်ခြင်း ရှိ/မရှိနှင့် ဈေးလုံခြုံရေးများအား ပိုက်ခေါင်းကိုင်ဆောင်ပုံ ကိုင်ဆောင်နည်းများကို သင်ကြားပေး၍ အသေးစိတ်စစ်ဆေးအကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား၊ အမျိုးသမီး စစ်တုရင်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မွန်ပြည်နယ် အမျိုးသား၊ အမျိုးသမီး စစ်တုရင်အသင်း ဩဝါဒခံယူ



မော်လမြိုင် မေ ၂၄

တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီး စစ်တုရင်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မွန်ပြည်နယ် အမျိုးသား၊ အမျိုးသမီး စစ်တုရင်အသင်းအား ဩဝါဒခံယူပွဲ အခမ်းအနားကို ယမန်နေ့က ရာမညအားကစားကွင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ မွန်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်က မွန်ပြည်နယ် အမျိုးသား၊ အမျိုးသမီး စစ်တုရင်အသင်း ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် အခြေအနေအား ရှင်းလင်းတင်ပြသည်။

ထို့နောက် မွန်ပြည်နယ် အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ မွန်ပြည်နယ် လူမှုရေးရာ ဝန်ကြီး ဦးတင်ဇော်ထွန်းက ဩဝါဒစကား ပြောကြားပြီး မွန်ပြည်နယ် စစ်တုရင်အသင်းအား ပြည်နယ် အစိုးရအဖွဲ့က ဂုဏ်ပြုငွေကျပ် ငါးသိန်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မွန်ပြည်နယ် အမျိုးသား စစ်တုရင်အသင်း အုပ်ချုပ်သူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တက်ရောက်လာသော အားကစားသမားများအား ပြည်နယ် လူမှုရေးရာဝန်ကြီးက ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## ရေကျော် City Mart ၌ မီးဘေးလုံခြုံရေး စစ်ဆေး

ရန်ကုန် မေ ၂၄

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၉) ရပ်ကွက် ရေကျော်လမ်းရှိ ရေကျော်ဈေးနှင့် City Mart Super Market အား ယနေ့ နံနက် ၁၀ နာရီတွင် မီးဘေးလုံခြုံရေး သွားရောက်စစ်ဆေးသည်။

ထိုသို့စစ်ဆေးရာ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်သန်းဌေးနှင့် တပ်ဖွဲ့ဝင်များ၊ ပူးပေါင်းအဖွဲ့ဝင်များက ရေကျော်ဈေးနှင့် City Mart Super Market အတွင်း ရေရရှိမှုနှင့် မီးသတ်ပစ္စည်းကိရိယာများ တပ်ဆင်ဆောင်ရွက်ထားရှိမှု၊ မီးကူးစက်ပြန့်ပွားနိုင်မှု၊ လျှပ်စစ်မီးကြိုးများတပ်ဆင်ထားမှု၊ ဝင်ပေါက်/ထွက်ပေါက်သင်္ကေတနှင့် သတိပေးတားမြစ်စာသားများ၊ အရေးကြီးဖုန်းနံပါတ်များ၊ အသံနှင့်အမြင်ဆိုင်ရာစနစ်များ ဆောင်ရွက်ထားမှုတို့ကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဟန်စုယဉ်**



## ကျောင်းကုန်းမြို့မရဲစခန်း၌ မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်



ကျောင်းကုန်း မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့မရဲစခန်း၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်းက မီးသတ်ဆေးဘူး အသုံးပြုပုံကို ရှင်းလင်းပြောကြားခဲ့ပြီး လက်တွေ့မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်သည်။

အဆိုပါ မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ရာနေရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နိုင်ဦးနှင့် မြို့မစခန်းမှူး ဒုရဲမှူးဇော်ဝေလင်းတို့ ကြီးကြပ်၍ အရာရှိ၊ အရာခံ အကြပ်တပ်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များက ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## မြန်အောင်မြို့ရှိ အုတ်ရေကန်များ စစ်ဆေး

မြန်အောင် မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်းရှိ အုတ်ရေလှောင်ကန်များ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အသုံးပြု၍ ရ/မရ စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက စစ်ဆေးသည်။

ထို့သို့ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှဦးစီးအရာရှိ ဦးရဲအောင် ဦးဆောင်ပြီး သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သောအဖွဲ့က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် အုတ်ရေကန်များ အသုံးပြု၍ ရ/မရစစ်ဆေးခဲ့ပြီး ရေလိုအပ်မှုရှိသည့် အုတ်ရေကန်များအား ရေထပ်မံဖြည့်တင်းခဲ့ကြောင်း သိရသည်။ **ရောဦးသာ**



## မိတ္ထီလာမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

မိတ္ထီလာ မေ ၂၄

မိတ္ထီလာမြို့ ပေါက်ချောင်းရပ်ကွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးရှိ ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြသခြင်းနှင့် 191 Report application အား အသုံးပြုတတ်စေရန် ဖုန်းများတွင်ထည့်သွင်းပေးခြင်းတို့ကို ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူး ဦးနေမိုးအောင်နှင့် တပ်ဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**





သရက်မြို့နယ် မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်နှင့် တပ်ဖွဲ့ဝင်များက မေ ၂၄ ရက်တွင် သရက်မြို့ရှိ စက်သုံးဆီဆိုင်များ၌ မီးဘေးလုံခြုံရေးစစ်ဆေးပြီး အမြှုပ်လုပ်ပိုက်ခေါင်းအား လက်တွေ့အသုံးပြုဆောင်ရွက်စဉ်။

ကောင်းစစ်နိုင်

အစိုးရသစ်၏ ရက် (၁၀၀) စီမံချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်အတွင်း(၁၈)ရပ်ကွက်မှ အသက် (၁၀)နှစ်ပြည့်ပြီးသူများအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးမှ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးလျက်ရှိရာ မေ ၂၄ ရက် နံနက်ပိုင်းက သံတံတားရပ်ကွက်၌ မြို့နယ်ဦးစီးအရာရှိ ဦးထွန်းငြိမ်းနှင့်ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

မြို့နယ်(ပြန်/ဆက်)



**○ မြန်မာအသင်းမှ**

ယခင်က အမျိုးသားပြိုင်ပွဲ အုပ်စုပွဲများကို မေ ၂၄ ရက်တွင် စတင်ကျင်းပရန် စီစဉ်ထားသော်လည်း ရာသီဥတုအခြေအနေကြောင့် မေ ၂၆ ရက်သို့ ရွှေ့ဆိုင်းခဲ့ရသည်။ ထို့ကြောင့် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ အုပ်စုပွဲနှင့် ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၂၅ ရက်၊ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ အုပ်စုပွဲ၊ ရှုံးထွက်ပွဲစဉ်များကို မေ ၂၆ ရက်၊ ပြိုင်ပွဲသုံးခုစလုံး၏ ဗိုလ်လုပွဲကို မေ ၂၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်

ဓာတ်ပုံ-MTF

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇/က)၊ မြေကွက်အမှတ် ယခင် (၂၀)၊ ယခု (၂၁/ခ၂)၊ မြေအမျိုးအစား (ဘီ-၃၈)ရပြီး၊ ဇဝနမြောက်ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမည်ပေါက် ဒေါက်တာအောင်လင်း( ယခုခွဲစိတ်ပြီး အမည်ပြောင်းနေဆဲ ) မြေ အကျယ် $\frac{၁၁၇'x၈၀'}{၅၇'x၅၀'x၆၅'}$ ဧရိယာ(၀.၁၇၇) ဧကရှိမြေနှင့် သီးပင်စားပင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ပိုင်ဆိုင်ပြီး အရှုပ်အရှင်းမရှိ၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးအောင်နိုင်မှ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ဌေး**
**(LL.B,Dip in Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၂၀၅)**
**ဖုန်း-၀၉-၇၉၁၆၆၃၄၆၆၊ ၀၉-၇၇၀၉၁၂၁၄၁**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၁၅၀) ရပ်ကွက်၊ အမှတ်(၃၅၂)ဟု ခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၁၅၀)၊ မြေကွက်အမှတ်(၃၅၂)၊ အကျယ်အဝန်း(အလျား ၄၀ ပေx အနံ ၆၀ ပေ)ရှိ ဒေါ်အုန်းမြိုင်(U/RGN-၀၀၂၃၉၀)အမည်ပေါက် ပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ရောင်းချသူ ဒေါ်မင်းမင်းဦး[၁၂/မဂတ(နိုင်) ၀၇၅၁၁၉]မှ ဝယ်ယူပိုင်ဆိုင် ထားပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မီမီထွန်း[၂/လကန(နိုင်)၀၆၈၅၅၅]မှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်မာသည့် စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်မျိုးလင်းထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၀၁၃) (၁၄-၂-၂၀၁၇)**
**အမှတ်(၁၄၀၅)၊ မြင်တော်သာလမ်း၊ ၁/ထူပါရုံရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၂၅၀၁၈၂၆၅၁**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀ )**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်**
**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၉၉**

| | | |
|---|---|---|
| ဒေါ်ရတနာမျိုး | နှင့် | ၁။ ဦးခွန်ရွှေမင်း<br>၂။ ဒေါ်နန်းခမ်းလုံ |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ်-၉၈၆ နေ ဦးခွန်ရွှေမင်းနှင့် ဒေါ်နန်းခမ်းလုံ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက **"ပဋိညာဉ်အတိုင်းမြေနှင့်အိမ်အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ၇ ရက် ( ၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၇ ရက်) နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင့်ဝါဖေဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်-၇၁၂၊ မြေကွက်တည်နေရာအမှတ်-၇၁၂၊ တိမ်ညို (၁) လမ်း၊ ၉-ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ဦးစောကော်နီ (AD-၀၃၆၀၈၃) အမည်ပေါက် နှစ် (၆၀) မြေငှားစာချုပ်ဂရန်မြေအား ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တရားရုံးတွင် တရားမကြီးမှုအမှတ် (၃၅/၂၀၂၅) ဖြင့် ဒေါ်စမ်းစမ်းအေး [၉/မထလ(နိုင်) ၀၁၀၈၈၂] မှ (တရားလို) ပြုလုပ်၍ အမည်ပေါက် ဦးစောကော်နီအား (တရားပြိုင်) ထားကာ အရောင်းအဝယ် မှတ်ပုံတင် စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီချမှတ်သည့် (၃၀-၁၂-၂၀၂၅) ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီ၊ တရားမဓာရီမှုအမှတ်(၄/၂၀၂၆)(၁၉-၁-၂၀၂၆) ရက်စွဲပါအမိန့်နှင့် နေ့စဉ်မှတ်တမ်း၊ တရားရှုံး (ကိုယ်စား) မြေပုံမြေရာဇဝင်ကူးယူရန်အတွက် ဒေါ်မြင့်မြင့်ကြည် [၁၂/ဒပန(နိုင်)၀၂၈၃၄၂] အား ဘီလစ်ခန့်အပ်ကြောင်း (၅-၂-၂၀၂၆) ရက်စွဲပါ အကြောင်းကြားစာ နှစ် (၆၀) ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် (၁) ထပ်ပျဉ်ထောင်၊ သွပ်မိုး၊ အဆောက်အဦ (၁) လုံးရှိပြီး၊ တရားနိုင်ကိုယ်တိုင်နေထိုင်ပါသည်။ ဘေးတွင် ဆောက်လက်စ (၁) ထပ်ခွဲတိုက် (၁) လုံးရှိပြီး တရားနိုင်မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဘီလစ် ဒေါ်မြင့်မြင့်ကြည်မှ အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်စည်ပင်ဝန်ထမ်းအိမ်ရာဝင်းအတွင်း 4U4S (2 Bed) (၅၄' x ၅၇'-၆" x ၄၀') အမှုထမ်းနေအိမ် သံကူကွန်ကရစ်အဆောက်အဦ (၁)လုံးဆောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံ ဝယ်ယူခြင်း၊ တင်သွင်းခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါပုံစံထုတ်ပေးမည့်ရက် | - ( ၂၇ - ၄ - ၂၀၂၆ )ရက်နေ့ |
| ( ခ ) | တင်ဒါပိတ်မည့်ရက် | - ( ၂၂-၅-၂၀၂၆ )ရက်နေ့၊ (၁၆:၀၀)နာရီ |
| ( ဂ ) | တင်ဒါပေးသွင်းရမည့်နေရာ | - အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ |

၃။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း မေးမြန်းစုံစမ်း ဝယ်ယူနိုင်ပါသည်-

| | | |
|---|---|---|
| ( က ) | စုံစမ်းရန်နေရာ/ ဌာန/ ဆက်သွယ်ရန်ဖုန်း | -အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ၀၆၇-၈၁၀၈၂၁၂ |

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့နေ ဒေါ်တင်နွယ်စိုး [၁၂/ပဘတ (နိုင်)၀၁၃၆၆၇]၊ ဦးစိုးအောင် [၇/ညလပ (နိုင်) ၀၈၃၅၃၅]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့၊ မြို့မ (၁)ရပ်ကွက်၊ အာဇာနည်လမ်း (ကြားလမ်းသွယ်)၊ မြေတိုင်းရပ်ကွက်အမှတ် (၄) မတောက်တန်းရပ်၊ ဦးပိုင်အမှတ်(၉၀)၊ မြေကွက်အမှတ် ( $\frac{၉၂}{၁၆၇}$ ) မြေချိန်ဧရိယာ(၀.၀၇၅၀)ဧကရှိ ခြံမြေကွက်နှင့် ယင်းခြံမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံ (၁)လုံး အပါအဝင် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ DORP No. 141 /V/1998-1999 အရ ဦးကြည်စိုး၊ ဒေါ်သောင်းကြည်၊ ဦးရဲထွန်းစိုးတို့ (၃)ဦးတို့၏ အမည်ဖြင့် မှတ်သားတည်ရှိသော(၁၀-၉-၁၉၉၈)မှ(၉-၉-၂၀၂၈)အထိ နှစ်(၃၀) ဂရန်မြေ အမျိုးအစား နေအိမ်ခြံမြေကွက်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဂရန်နေအိမ်ခြံမြေအား ပိုင်ဆိုင်သူများ ဖြစ်ကြသည့် ဦးကြည်စိုးမှာ လွန်ခဲ့သော(၂၅-၃-၂၀၀၃)ရက်နေ့တွင်လည်းကောင်း၊ ၎င်း၏ ဇနီးဖြစ်သူ ဒေါ်သောင်းကြည်မှာ လွန်ခဲ့သော (၂၇-၁၂-၂၀၁၈)ရက်နေ့၌ လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ကြပြီဖြစ်ပါသည်။

ကွယ်လွန်သူ ဦးကြည်စိုး + ဒေါ်သောင်းကြည်တို့၌ ဒေါ်တင်နွယ်စိုး၊ ဒေါ်မြင့်ကြည်၊ ဦးရဲထွန်းစိုးဆိုသည့် သားသမီး(၃)ဦး ထွန်းကားခဲ့ရာ အဆိုပါ သားသမီးများအနက် ဒေါ်မြင့်ကြည်မှာ (၂၁-၂-၂၀၂၆)ရက်နေ့၌လည်းကောင်း၊ ဦးရဲထွန်းစိုး (အိမ်ထောင်မရှိ)မှာ (၁၉-၁၀-၂၀၀၆)ရက်နေ့၌ လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ကြပါသည်။

အထက်အမည်ပါ ကြေညာသူများအနက် ဦးစိုးအောင် [၇/ညလပ (နိုင်) ၀၈၃၅၃၅]မှာ ကွယ်လွန်သူ ဒေါ်မြင့်ကြည်၏ခင်ပွန်း တော်စပ်သူဖြစ်ပါသည်။

ထို့ကြောင့် လက်ရှိအချိန်၌ အထက်ဖော်ပြပါ ဂရန်နေအိမ်ခြံ မြေကွက်တို့နှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ တရားဝင် အမွေဆက်ခံပူးတွဲပိုင်ဆိုင်သူများအဖြစ် အထက်အမည်ပါ ကြေညာသူ(၂)ဦးသာလျှင် သက်ရှိထင်ရှား ကျန်ရှိပါတော့သည်။

ယင်းသို့ဖြစ်ရာ အထက်အမည်ပါကြေညာသူ(၂)ဦး အနေဖြင့် အထက်ဖော်ပြပါ ဂရန်နေအိမ်ခြံမြေကွက်တို့နှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းတို့အပြင် အခြားအမွေ ဆက်ခံသူ၊ ပိုင်ရေးဆိုင်ခွင့်ရှိသူတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကြေညာပါသည်။ ယခုကြေညာသည့်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ၌ ကြေညာချက်ပါရှိပြီး (၇)ရက်အတွင်း ကျွန်ုပ်၏ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏ အမှုသည်များထံသို့ဖြစ်စေ ခိုင်လုံသည့် အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူမရှိပါက ကျွန်ုပ်အမှုသည်များ၏ ပိုင်ဆိုင်မှုခိုင်မာစေရန်အတွက် စာချုပ်စာတမ်းများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကောင်းထင်လင်းစိုး ( ဥပဒေဘွဲ့ )**
**တရားလွှတ်တော်ရှေ့နေ ( စဉ်-၁၄၉၉၇/၄-၁၂-၂၀၁၈ )**
**ညောင်လေးပင်မြို့၊ ပဲခူးတိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၂၈၂၀၈၆၆၈**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားသူ ဒေါ်ချောစုနိုင် [၁၂/ကမတ(နိုင်)၀၆၂၉၄၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားသူ ဒေါ်ချောစုနိုင်သည် ဗိုလ်ချုပ်အောင်ဆန်းဈေးနှင့် Social Network ပေါ်တွင် ၂၀၂၂ ခုနှစ်မှစ၍ Royal Yadanar Myint Mo Gem and Jewellery FB Account ဖြင့် အရည်အသွေးမှန်ကျောက်မျက်ရတနာမျိုးစုံကို သမ္မာအာဇီဝကျစွာဖြင့် ကိုယ်ပိုင် Image ဖြင့် စီးပွားရေးလုပ်ငန်းကို ရိုးသား ဖြောင့်မှန်စွာ လုပ်ကိုင်နေသူတစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေရောင်းချနေသော Social Media Platform များဖြစ်သော Facebook, Tiktok Post များ၏ အောက်တွင် ပစ္စည်းQuality နှင့် ပတ်သက်၍ Comment ရေးသားခြင်း၊ Royal Yadanar Myint Mo Gem and Jewellery အမည် ထိခိုက်နစ်နာစေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သော နည်းလမ်းများဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာ အသရေ ထိခိုက်စေမည့်ကိစ္စရပ်များ၊ Phone, Facebook, Messenger, Viber, Telegram, Tik Tok, Line စသည့် လူမှုကွန်ရက်မှ မဟုတ်မမှန်ဝေဖန် ရေးသားမှုများ၊ ဂုဏ်သိက္ခာထိပါး ကျဆင်းစေသော အပြုအမူ၊ အပြောအဆိုများ ရိုင်းပျသော အရေးအသား၊ စကားလုံးများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ရေးသားခြင်း၊ Postတင်ခြင်း၊ နာမည်အလွဲသုံးစားပြုခြင်း၊ ငွေကြေး အရှုပ်အရှင်းများပြုလုပ်ခြင်း၊ ကျွန်ုပ်မိတ်ဆွေ၏ Wallမှ Photo များကို ခွင့်ပြုချက်မရဘဲ ယူငင်သုံးစွဲခြင်း၊ ကျွန်ုပ်မိတ်ဆွေနှင့် ပတ်သက်သည့် ဓာတ်ပုံများတင်ခြင်း၊ ကျွန်ုပ်မိတ်ဆွေ ကိုယ်စိတ်နှစ်ပါး အနှောင့်အယှက်ဖြစ်စေရန် ကိစ္စတစ်စုံတစ်ရာပြုလုပ်ခြင်းများကို တွေ့ရှိပါက မည်သူ့ကိုမဆို တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသိမ့်သိမ့် (LL.B, D.M.L)**
**အထက်တန်းရှေ့နေ (စဉ်-၂၅၀၇၁)**
**အမှတ်(၂၄)၊ (၄-ဘီ)၊ နိဗ္ဗာန်လမ်း၊ သာစုအရှေ့ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-765 188412**

## မန္တလေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်
## ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ (၂၀၂၆-၂၀၂၇)ခုဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု/ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများမှ ကျပ်(၂၀၀)သန်းအထက် ဒီဇယ်ဆီ၊ သံချောင်းလုံး၊ 6"x9" ကျောက်ကြီး၊ ကျောက်ပျက်၊ သဲဝယ်ယူခြင်းနှင့် မြေကြီးလုပ်ငန်း(တူး / တင် /သယ်)များအတွက် အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ၂၆ဘီလမ်း၊ ၇၀x၇၁လမ်းကြား၊ ဆည်မြောင်းဥ္ဈေ့ရိပ်သာ၊ မန္တလေးမြို့တွင် ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူ ပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာရယူရမည့်ရက် | - ၂၄-၄-၂၀၂၆ မှ ၇-၅-၂၀၂၆ |
| ( ခ ) | တင်ဒါသွင်းရမည့်နောက်ဆုံးရက်/အချိန် | - ၇-၅-၂၀၂၆ ရက်၊ (၁၆:၃၀)နာရီ |
| ( ဂ ) | တင်ဒါဖွင့်မည့်ရက် | - ၈-၅-၂၀၂၆ (ခန့်မှန်း) |
| (ဃ) | တင်ဒါဖွင့်မည့်နေရာ | - ၂၆ ဘီလမ်း၊ ၇၀ x ၇၁ လမ်းကြား၊ ဆည်မြောင်းဥ္ဈေ့ရိပ်သာ၊ မန္တလေးမြို့ |

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ အသေးစိတ် သိရှိလိုပါက ဖုန်း - ၀၂-၄၀၃၉၁၈၁၊ ၀၂-၄၀၆၆၀၅၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အ.ထ.က(၃)၊၂၀၂၅-၂၀၂၆ ပညာသင်နှစ် Grade-(8) မှမပွင့်သဇင် သင်း၏ မိခင်အမည်မှန်မှာ ဒေါ်ချောမြင့်သူ [၁၀/ရမန(နိုင်) ၁၅၉၇၅၆] ဖြစ်ပါကြောင်း။

**ဒေါ်ချောမြင့်သူ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဇဇ-၈)၊ ဦးပိုင်အမှတ် (၈၂)၊ ၅၂x၅၃ကြား၊ ၁၀၇x၁၀၈ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ တပ်ကြပ်ကြီးရဲသွေး [၁၄/ပသန(နိုင်)၀၀၉၇၈၂]၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၇၁၄၉/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်သက်ဦး [၅/တဆန(နိုင်)၀၈၁၂၉၀]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဖဖ-၁)၊ ဦးပိုင်အမှတ်(၇၁)၊ ၅၃x၅၄ကြား၊ ၁၁၀x၁၁၁လမ်းကြားရှိဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဝင်းဝင်းမြင့် [၉/အမရ(နိုင်)၀၃၀၂၀၂] ၏ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၉၅၆၂/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဇော်ဇော်[၉/ပသက(နိုင်)၀၁၁၁၅၃]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ထီးတန်း (၃)လမ်း၊ အမှတ်-၁၁ ဟုခေါ်တွင်သော ၂ ခန်းတွဲ ၆ထပ် အဆောက်အဦ၏ ခေါင်းရင်းခန်း၊ မြေညီထပ်၊ တိုက်ကိုမျက်နှာမူလျှင် ဘယ်ဘက်ခြမ်း၊ အကျယ်အဝန်း (၁၂'x၅၀')ရှိအခန်းကို အရောင်းအဝယ်ပြုလုပ်မည်ဖြစ်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အဆိုပါတိုက်ခန်းကို ယခုလက်ရှိထားပိုင်ဆိုင်လျက်ရှိသော ဒေါ်သိန်းထိုက်ထိုက်အောင် [၈/ခမန(နိုင်)၀၄၅၄၂၃] ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထားများနှင့် တကွ ဤကြေညာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၆၈)**
**၃၈၊ ၃လွှာ၊ ရောဝတီလမ်း၊ အလုံမြို့နယ်၊**
**09-43095369**

## "ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၃)၊ ကြည်စုကျေးရွာလမ်း၊ မြေကွက်အမှတ် (၅၅၃)၊ အကျယ်အဝန်း (ပေ ၄၀ x ပေ ၆၀) ဟုခေါ်တွင်ပြီး ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ညိုညို၀င်း [၁၂/ဗဟန(နိုင်)၀၁၅၁၄၀] အမည်ဖြင့်တည်ရှိသည့် နှစ် (၆၀) ဂရန်မြေ အမျိုးအစားကို မြေအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ညိုညို၀င်းကိုယ်တိုင် ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်နိုင်ဦး [၁၂/ဗဟန(နိုင်)၀၁၁၁၄၀]မှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား (မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းသန်းနီ**
**အထက်တန်းရှေ့နေ (စဉ်-၇၇၂၆/၁၉၈၃)**
**အမှတ် (၁၉၂/ခ)၊ ရဲကျော်စွာလမ်း၊ (၃၆) ရပ်ကွက်၊**
**ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၀၀၃၃၇၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄၊ မြေကွက်အမှတ်- ၁၄၂၆/ခ၊ မြေကွက်တည်နေရာအမှတ်-၁၄၂၆/ခ၊ ရွှေယင်းမာ(၂)လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံတောင်၊ ဦးလှမြင့်(S/DGNMTT-၀၁၄၀၂၂)အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးလှမြင့်အား တရားပြိုင်ထားကာ ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၅၇/ ၂၀၂၅ ခုနှစ်တွင် တရားလို ဦးဖြိုးမင်းထွန်းမှ တရားပြိုင် ဦးလှမြင့်အပေါ် "ပဋိညာဉ်အတိုင်း မြေနှင့်အိမ် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို ပေးစေလိုမှု" ဖြင့် တရားစွဲဆိုခဲ့ရာ(၂၁-၁၁-၂၀၂၅) ရက်စွဲပါစီရင်ချက်အား အနိုင်ဒီကရီချမှတ်ခဲ့ပြီး တရားမဇာရီမှုအမှတ်-၅/၂၀၂၆ခုနှစ်၏ နေ့စဉ်မှတ်တမ်းနှင့် (၅-၃-၂၀၂၆)ရက်စွဲပါ ဘီလစ်ခန့်အပ်ရန် ချမှတ်သည့် ထုံးပုံကျအပြီးသတ်အမိန့်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်တရားရုံး (၅-၃-၂၀၂၆)ရက်စွဲပါ စာအမှတ် (၁၅၃/၅-၁/၂၀၂၆၏ ဘီလစ်ခန့်စာ၊ တရားရှုံးကိုယ်စား ဘီလစ် ဒေါ်သန်းမြင့်ခိုင်(ခ) သန့်သန့်ခိုင် [၁၂/သဃက(နိုင်)၀၉၂၅၆၂]မှနှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ တရားရုံးအမိန့်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၁) ထပ်ပျဉ်ထောင် (၁)လုံးရှိ ကိုယ်တိုင်နေ တရားနိုင် ဦးဖြိုးမင်းထွန်းမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဘီလစ်ဒေါ်သန်းမြင့်ခိုင်(ခ)သန့်သန့်ခိုင်၏ အရောင်းမြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်၊ မကွေး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးတက္ကသိုလ်၊ မကွေး၏ (၂၀၂၆ - ၂၀၂၇)ခု၊ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါစက်ကိရိယာ တန်ဆာပလာပစ္စည်းများ ဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်း လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်လိုပါ၍ တရားဝင်အသိအမှတ်ပြု (လိုင်စင်ရ၊ အဖွဲ့အစည်း/ကုမ္ပဏီ) ကန်ထရိုက်တာများထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

(က) စက်ပစ္စည်းများ
(ခ) ရုံးသုံးစက်ကိရိယာပစ္စည်းများ
(ဂ) ရုံးသုံးပရိဘောဂပစ္စည်းများ
(ဃ) အခြားရုံးသုံးပစ္စည်းများ

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန် ဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာရယူရန်နေရာ- ဆေးတက္ကသိုလ်၊ မကွေး
(ခ) တင်ဒါလျှောက်လွှာ စတင်ရယူရမည့်နေ့ - (၁၁- ၅-၂၀၂၆)၊ (တနင်္လာနေ့)
(ဂ) တင်ဒါနောက်ဆုံး တင်သွင်းရမည့်နေ့၊ - (၂၆- ၅-၂၀၂၆) (အင်္ဂါနေ့)၊ ညနေ (၁၆:၀၀)နာရီ

အသေးစိတ် အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း- ၀၆၃-၂၀၂၃၇၀၁၊ ၀၆၃-၂၀၂၃၇၀၂ သို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံစိစစ်ရေးကော်မတီ**
**ဆေးတက္ကသိုလ်၊ မကွေး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ လူနေရပ်ကွက်အမှတ်(၁၃)၊ ပန်းခြံကျောင်းလမ်း၊ မြေကွက်အမှတ်(၁၂/ခ)အတွင်း ဆောက်လုပ်ထားသည့် RC (၂) ခန်းတွဲ-(၅)ထပ်တိုက်၏ မြေညီထပ်(ခြေရင်းအခြမ်း)(တိုက်ခန်းအကျယ်အဝန်း (၁၂)ပေခွဲx (၅၀)ပေတိုက်ခန်းနှင့် ၎င်းတိုက်ခန်း နှင့်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိထားစီမံခန့်ခွဲပိုင်ဆိုင်သူ- ဦးသန်းလွင် [၁၂/တကန(နိုင်)၀၉၅၉၃၅] (ဘ-ဦးပို)ထံမှ ၎င်းတိုက်ခန်းကို ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးဝင်းအောင် [၁၂/လသန(နိုင်)၀၁၅၁၃၄] (ဘ-ဦးယုထော်စိန်)က အပြီးအပြတ်ဝယ်ယူရန် သဘောတူညီကြပြီး၊ ရောင်းဖိုးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်းအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် (၁၀) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်နှင့် ပတ်သက်သောကိစ္စအဝဝကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းအောင် [၁၂/ လသန(နိုင်)၀၁၅၁၃၄] ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၃၈)**
**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၄၂၁၀၉၄၇၁၂**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက် (၄၃)၊ မြေကွက်အမှတ်(၈၆၃)၊ ခေမာလမ်း၊ အကျယ်အဝန်း (ပေ၄၀xပေ၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုး ခံစားခွင့်အားလုံးတို့ကို အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဖြစ်သူ ဦးသက်ဆွေဦး [၁၂/အလန(နိုင်)၀၃၄၄၁၉] မှ ပိုင်ရှင်ဖြစ်သူ ဒေါ်တင် စန်း [၁၂/ကတတ(နိုင်)၀၀၇၅၈၅] ထံသို့ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လို သူများသည် ဤသတင်းစာပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့် သူမရှိပါက အရောင်းအဝယ်အောင်မြင်ပြီးမြောက်စေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဆွေစင်အိ(LL.B) (LL.M)** | **ဦးလင်းဘုန်းမြတ်(LL.B) (D.IP.L) (D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၆၉၇)** | **(စဉ်-၁၇၃၈၁)** |

**အမှတ်(၃၈၈/၃၉၈)၊ (၄)လွှာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်။**
**ဖုန်း - ၀၉ - ၇၈၅၁၉၄၉၀၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၆၊ မြေကွက်အမှတ်-၆၀၂၊ မြေကွက်တည်နေရာအမှတ်-၆၀၂၊ မောရဝတီလမ်း သွယ်၊ ၁၃၆-ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ဦးဝင်းနိုင် (CG-၀၁၉၀၈၉) အမည်ပေါက် နှစ် (၆၀) မြေငှားစာချုပ်ဂရန်မြေအား ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တရားရုံးတွင် တရားမကြီးမှုအမှတ် (၂၁/၂၀၂၅) ဖြင့် ဒေါ်မြင့်မြင့်ခိုင် [၁၄/ပတန(နိုင်)၁၄၅၂၆၂]မှ (တရားလို) ပြုလုပ်၍ အမည်ပေါက် ဦးဝင်းနိုင်အား (တရားပြိုင်)ထားကာ အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီချမှတ်သည့် (၃၀-၁၂-၂၀၂၅) ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ် (၅/၂၀၂၆) (၁၉- ၁-၂၀၂၆) ရက်စွဲပါအမိန့်နှင့် နေ့စဉ်မှတ်တမ်း၊ တရားရုံး (ကိုယ်စား) မြေပုံမြေရာဇဝင်ကူးယူရန်အတွက် ဒေါ်မြင့်မြင့်ကြည် [၁၂/ဒပန(နိုင်) ၀၂၈၃၄၂] အား ဘီလစ် ခန့်အပ်ကြောင်း (၅-၂-၂၀၂၆) ရက်စွဲပါအကြောင်း ကြားစာ နှစ် (၆၀) ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်း မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ် တွင် သွပ်မိုး/သွပ်ကာ အဆောက်အဦသေးတစ်လုံးရှိပြီး လူနေထိုင်ခြင်း မရှိပါ။ ကွင်းဆင်းသိရှိကြောင်း တရားနိုင်မှ လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဘီလစ် ဒေါ်မြင့်မြင့်ကြည်မှ အရောင်းမြေပုံကူးလျှောက်ထားလာ ခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါ သည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ် ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက်ဝယ်ယူမည့် လျှပ်စစ်သုံးယာဉ်နည်းပညာဆိုင်ရာဆက်စပ်ပစ္စည်းများ၊ သုတေသနလုပ်ငန်း သုံးစက်ပစ္စည်းများ၊ Networking Equipments နှင့် ရုံးသုံးစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| Lot-1 | လျှပ်စစ်သုံးယာဉ်နည်းပညာဆိုင်ရာ ဆက်စပ်ပစ္စည်းများ | - (၆) မျိုး |
| Lot-2 | သုတေသနလုပ်ငန်းသုံး စက်ပစ္စည်းများ | - (၈) မျိုး |
| Lot-3 | သုတေသနလုပ်ငန်းသုံး စက်ပစ္စည်းများ | - (၁၆) မျိုး |
| Lot-4 | X-Ray Diffractometer License Renewal | - (၁) မျိုး |
| Lot-5 | ရုံးသုံးစက်ပစ္စည်းများ | - (၅) မျိုး |
| Lot-6 | Networking Equipments | - (၃) မျိုး |

**တင်ဒါလျှောက်လွှာပုံစံများစတင် ရောင်းချမည့်ရက်** - ၂၄-၄-၂၀၂၆ ရက်
**တင်ဒါလျှောက်လွှာပုံစံများ နောက်ဆုံးတင်သွင်းရမည့်ရက်** - ၇-၅-၂၀၂၆ ရက်၊ (၁၆:၀၀) နာရီ
**တင်ဒါပုံစံရောင်းချမည့်နေရာ** - ရုံးအမှတ်(၂၁)၊ နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန(ရုံးချုပ်)
- မော်တော်ယာဉ်နည်းပညာ သုတေသနဌာန
- ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန (ခတ်တော်)
- ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန (အေလာ)

၂။ အသေးစိတ်သိရှိလိုပါက (ရုံးချုပ်) ၀၆၇-၃၄၀၄၅၃၇၊ ၀၆၇-၃၄၀၄၅၂၀၊ မော်တော်ယာဉ်နည်းပညာသုတေသနဌာန(ပြင်ဦးလွင်) ၀၉-၂၀၄၄၆၅၄၊ ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန (ခတ်တော်) ဖုန်း-၀၉-၂၁၅၁၃၉၁၊ ၀၃၃-၆၀၃၅၈၊ ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန (အေလာ) ၀၉-၄၂၀၇၄၈၄၀၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**

## အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁/ ထူပါရုံ)၊ မြေကွက်အမှတ်(၈၂၁/က+ခ)၊ လူနေရပ်ကွက်အမှတ်(၁)၊ ဧရိယာ(၃၀' x ၆၀')အကျယ်ရှိ မြေကွက်ပေါ်တွင်တည်ရှိသော တိုက်အမှတ်(၈၂၅)၊ (၆)ထပ် တိုက်၏ အခန်းအမှတ်(5-B)၊ (၅)လွှာ၊ (ခြေရင်းခြမ်း)၊ ထူပါရုံ(၁၅)လမ်း(အနောက်)၊ ဧရိယာ(၁၅'x ၅၅')အကျယ်ရှိ တိုက်ခန်းနှင့်ပတ်သက်၍ **"ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း"**အား ကြေးမုံသတင်းစာ၏ (၅-၄-၂၀၂၆)ရက် နေ့တွင် စာမျက်နှာ-၂၉ ၌ ကြော်ငြာခဲ့ပါသည်။ ယခုအခါ အထက်ဖော်ပြပါ တိုက်ခန်းရောင်းဝယ်မှုအား ဖျက်သိမ်းပြီး အဆိုပါကြော်ငြာအား ရုပ်သိမ်းကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီဂီအောင် LL.B, Dip in Business Law**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၄၀၄)**
**အမှတ်(၁၉၉)၊ ဗိုလ်နက်ကျော်လမ်း၊ (၄၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၃၀၆၆၄၁၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ၇-ရပ်ကွက်၊ ရေကျော် လမ်းမ၊ အမှတ် (၅၅/ခ)၊ မြေညီထပ်နေ ဦးမင်းမင်းထွန်း [၅/မရန(နိုင်) ၁၄၃၉၉၀]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ တိုက်အမှတ် (၇)၊ ပထမထပ်၊ အကျယ်အဝန်း (၂၅ပေ x ၅၀ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ပပမင်းသန့် [၆/ထဝန(နိုင်) ၀၆၄၄၅၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေ မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ် အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက် အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးခိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၁၀၇၆၂)**
**အမှတ် (၇၇)၊ ပထမထပ်၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ -၇၇၅၆၆၅၇၇၆**

## ဒေါ်ညိမ်းတင်(AD- ၀၂၈၆၄၀) သိရှိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဒေါ်ကွန်းကြည် [၁၂/သကတ(နိုင်)၀၃၉၂၄၄] သည် လူကြီးမင်းထံမှ လူကြီးမင်းအမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၁၀၂၉/ခ)၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံ (၉)လမ်း၊ အမှတ်(၁၀၂၉/ခ)ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို(၂-၇-၂၀၁၄)ရက်စွဲပါ "မြေနှင့်အိမ် အရောင်းအဝယ်ကတိစာချုပ်" ဖြင့်ဝယ်ယူ၍ လက်ရောက်ရရှိထားပြီးဖြစ်ကြောင်း၊ လူကြီးမင်းနှင့် ကျွန်ုပ်မိတ်ဆွေ တို့ ချုပ်ဆိုခဲ့ကြသော (၂-၇- ၂၀၁၄)ရက်စွဲပါ စာချုပ်တွင် သဘောတူညီထားသည့် အတိုင်း ကျွန်ုပ်မိတ်ဆွေက လူကြီးမင်းထံမှ လွှဲပြောင်းဝယ်ယူခဲ့သည့် မြေနှင့် အိမ်အား အမည်ပေါက် ပြုလုပ်ဆောင်ရွက်လိုပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်နှင့်သော်လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေနှင့်သော်လည်း ကောင်း ဆက်သွယ်ဆောင်ရွက်ပေးပါရန် အကြောင်းကြားတောင်းဆိုပါသည်။ ဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းအား အကြောင်းကြားသိစေအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်များအရ** |
| **ဒေါ်ကွန်းကြည်** | **ဒေါ်တင်တင်မြ (LL.B, LL.M, D.B.L)** |
| **[၁၂/သကတ(နိုင်)၀၃၉၂၄၄]** | **တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၀၁၄)** |

**အမှတ်(၅၀)၊ (၅/လွှာ)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၅၀၄၇၃၈၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - (၄၃)သမိုင်း၊ မြေကွက်အမှတ်-(၅/က-၁-B-၁-က)၊ အကျယ်အဝန်းဧရိယာ(၀.၀၉၈)ဧက၊ မြေပိုင်မြေ၊ လ/န ၃(ခ)ဟုခေါ်တွင်သည့် မရမ်းကုန်းမြို့နယ်၊ ၅ရပ်ကွက်၊ ဗိုလ်ဥဇ္ဇာလမ်း၊ အိမ်အမှတ်(၃၃၃) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြ မြေယာဌာနတွင် အမည်ပေါက်လျက်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိ သည်ဟုအဆိုပြုသူ ဒေါ်အက်(စ်)တာဗန်ကျိုးနှဲမ်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ချိုမာနွယ် [၁၃/နခတ (နိုင်)၀၀၁၄၀၃]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက် နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သဲစုထွေး (LL.B, D.B.L, D.M.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၁၇၃)**
**အမှတ် - (၁၀၅၆)၊ ဦးဘဇော်လမ်း၊ (၅၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၁၀၂၀၄၁၅၊ ၀၉-၆၇၂၄၄၄၆၅၆**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၃၃၊ မြေကွက်အမှတ်- ၇၁၃/က၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ) အကျယ်ရှိသည့် ဦးတင်ရှိန် [၁၂/မရက(နိုင်)၁၀၀၆၄၄] အမည်ပေါက် မြေချပါမစ် မြေကွက် ထဲမှ (၁၀ပေ x ၆၀ပေ)ရှိ ပါမစ်မူရင်းခြမ်းပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ် စာချုပ်များ၊ ပိုင်ဆိုင်မှုစာရွက်စာတမ်းများဖြင့် တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးစိုးမင်းထွန်း [၁၂/ဥကတ(နိုင်)၁၆၀၁၈၀]၊ ဒေါ်ထက်ထက်ဦး [၁၂/ဥကတ(နိုင်)၁၇၈၅၃၄] တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဝေဝေထက် [၁၂/မရက(နိုင်)၁၄၇၉၀၇] မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ သဖြင့် အထက်ပါမြေကွက်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက် အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိအောင် (LL.B, WIPO )**
**အထက်တန်းရှေ့နေ (စဉ်- ၅၄၂၈၂)**
**အမှတ် (၉၄)၊ ပါရမီလမ်း၊ ၁၀-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉- ၄၂၀၄၂၃၄၃၈**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်"

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေပင်လုံအိမ်ရာ၊ Riverview Villas အိမ်ရာဝင်း၊ အိမ်နံပါတ် (Lot-31) ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-၂၇/၉ ၊ မြေကွက်အမှတ် -၄၃/၂-၃၁၊ ဧရိယာ(၀. ၀၅၀)ဧက၊ ၂၁၉၅- စတုရန်းပေ အကျယ်အဝန်းရှိ ဒေါ်ခင်ခင်လေး အမည်ပေါက် ဂရန်မြေနှင့် မြေပေါ်ရှိအကျိုးခံစားခွင့်များအားလုံးကို ဦးအောင် မင်း [၁၂/လသန(နိုင်)၀၀၆၁၈၂] က ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း**နှင့် အပိုင်ဝယ်ယူသူ အမည်ပေါက် ပိုင်ဆိုင်ရေးအတွက် လိုအပ်သည့် ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များအားလုံးကို ပြီးစီးသည်အထိ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တန်ဖိုးငွေ၏တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ထိုသို့အရောင်းအဝယ်ပြုလုပ်ခြင်းကို အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သိမ့်သိမ့်စိုးဟန်(LL.B,DBL) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၉၈)**
**အမှတ်-၁၂၆၊ ပထမထပ်(ဘယ်)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၀၄၂၁၃၃၊ ၀၉-၉၇၉၉၅၅၁၁၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၈)၊ မြေကွက်အမှတ်(၄၆၈)၊ ဧရိယာ (၂၂'x ၆၀') အကျယ်ရှိ မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အမှတ်(၆၅)၊ အောင်မင်္ဂလာလမ်း၊ (၁၈/ဘီ)ရပ်ကွက်ဟု ခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင် တင်ဝင်း [၁၂/ကမတ (နိုင်)၀၄၂၅၆၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထား ပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်၊ ရပိုင်ခွင့်ရှိသူအပြင် အခြားမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့်မူရင်း စာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ကန့်ကွက် မည့်သူမရှိပါက အထက်ဖော်ပြပါ ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီဂီအောင် LL.B, Dip in Business Law**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၄၀၄)**
**အမှတ်(၁၉၉)၊ ဗိုလ်နက်ကျော်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၃၀၆၆၄၁၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၅၂၊ မြေကွက်အမှတ်-၃၈အေ/ ၁ဘီ-၁ဘီ+၄၃အေ/၁အေ-၁အေ- ၁ဘီ- ၁ဘီ၊ ဧရိယာ(၀.၀၂၈)ဧက၊ မြေကွက် တည်နေရာအမှတ်-(၁၁၂စီ)၊ နန္ဒဝန် လမ်း၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်း မြို့နယ်၊ ဦးခင်မောင်ချမ်း [၁၂/ဗဟန (နိုင်)၀၂၁၇၅၂] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် (ခင်ပွန်း) ဖြစ်သူ ဦးခင်မောင်ချမ်းသည် (၂၈-၃- ၂၀၁၇)ရက်နေ့တွင် ကွယ်လွန်သဖြင့် တရားဝင်ဇနီးဖြစ်သူ ဒေါ်မိမိလေးမှ တရားဝင်ဇနီးဖြစ်၍ အမွေဆက်ခံ ပိုင်ဆိုင်ခွင့်ရှိကြောင်း၊ (၂၃-၂-၂၀၂၆) ရက်နေ့ တိုက်ကြီးခရိုင် တရားရုံး ကျမ်းကျိန်လွှာအမှတ်-(၂၆၂၄/၀၂၆)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဦး ခင်မောင်ချမ်း၏သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန် မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ဒေါ်မိမိလေး[၁၂/ဗဟန(နိုင်) ၀၂၃၃၃၄] မှ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထား လာရာ တရားဝင်ခိုင်လုံသော အထောက် အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အနော်ရထာစက်မှုဇုန် (တတိယအဆင့်)၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/တိုးချဲ့)၊ လူနေဇုန်ရှိ မြေကွက် အမှတ်(၁၀၂၊ ၁၀၃၊ ၁၀၄၊ ၁၀၅၊ ၁၀၆၊ ၁၀၇၊ ၃၈၆၊ ၃၈၇၊ ၃၈၈၊ ၃၈၉၊ ၃၉၀၊ ၃၉၁၊ ၃၉၂၊ ၃၉၃၊ ၃၉၄၊ ၃၉၅၊ ၃၉၆၊ ၃၉၇)၊ မြေကွက်(၁၈)ကွက်တို့အား ရှင်သန်စေ ကုမ္ပဏီ (မှတ်ပုံတင်အမှတ်-၁၁၃၃၇၅၀၂၇ )အမည်ဖြင့် မြေချပါမစ်(၁၈) စောင်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထား(မူရင်း)များ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ် ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၅၇)၊ ယခုကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း(ဗဟိုလမ်း)တိုက်အမှတ်(၉)၊ နှစ်ခန်းတွဲ(၆) ထပ်တိုက်၏ ခြေရင်းခန်း၊ ပထပ်(A)၊ အကျယ်အဝန်း အလျား၁၂ ½'xအနံ၅၀'ရှိ တိုက်ခန်း နှင့်ရေမော်တာ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဒေါ်မွန်မွန်ခိုင် [၁၂/သကတ(နိုင်)၁၅၂၅၃၃]ကိုင်ဆောင်သူမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ တာဝန်ယူ ကြောင်း၊ ဝန်ခံကတိပြု၍ ရောင်းချလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းစိုး[၁၀/ ရမန (နိုင်)၀၀၂၀၀၂]ကိုင်ဆောင်သူမှ ရောင်းချသည့် တန်ဖိုးဖြင့်ပင်ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ တိုက်ခန်းဝယ်ယူမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ရက်သတ္တ(၂)ပတ်(၁၄)ရက်အတွင်း စာချုပ်စာတမ်း (မူရင်း)အထောက် အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ် စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းစိုး[၁၀/ရမန(နိုင်)၀၀၂၀၀၂]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းသန်းစိုး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၉၈/၄-၁၂-၁၉၈၄)**
**တိုက်(၉/၁၁)၊ အခန်း(၁၀၃)၊ ပထပ်(စီ)၊ (၃၆)လမ်းအောက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၀၀၂၈၉၂၊ ၀၉-၄၄၃၀၂၁၈၂၇**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
## ရေဆင်း၊ နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေ၊ ရေဆင်း မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်ရှိပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Bovine AI training model | 1 Set |
| (ခ) | Veterinary anatomy model (dog, cat & eyeball model) | 1 Set |
| (ဂ) | ခွဲစိတ်ခန်းသုံးပစ္စည်းများ | 12 Lots. |
| (ဃ) | Fiber Network Infrastructure Upgrading (8 Items) | 1 Lot. |
| (င) | Colour Inkjet Printer | 2 Nos. |
| (စ) | Digital Multifunction Copier | 1. No. |
| (ဆ) | Projector | 5 Nos. |
| (ဇ) | Motor and Impeller (22 HP) | 1 Set |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၀၂၆ ခုနှစ်၊ ဧပြီလ (၂၄)ရက်နေ့ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ငွေစာရင်းဌာန

၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၀၂၆ ခုနှစ်၊ မေလ (၁၄)ရက် (၁၆:၀၀)နာရီ

၅။ **တင်ဒါဖွင့်ရက်** - ၂၀၂၆ ခုနှစ်၊ မေလ (၁၅)ရက် (၉:၀၀)နာရီ

၆။ သတ်မှတ်ထားသော တင်ဒါအာမခံစပေါ်ငွေ (၁%) ကို အသိပေး ကြေညာထားပါသည်။

၇။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၆၅၂၆ နှင့် ၀၆၇-၃၄၁၆၆၅၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်းနှင့် အရည်အသွေးသတ်မှတ်ချက်များကို တက္ကသိုလ်၏ website www.uvs.edu.mm တွင် ကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

